# ကြေးမုံ

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရားဌ်တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 3 June 2026 ၁၂၁၉၈


**ကျန်းမာမှ ပညာသင်နိုင်မည်**
**ကျန်းမာမှ အလုပ်လုပ်နိုင်မည်**

**လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်း ရောဂါဘယကင်းရှင်းရေးနှင့် ပြည်သူများ၏ မျှော်မှန်းသက်တမ်း တိုးမြင့်လာစေရေး ကြိုးပမ်းဆောင်ရွက်ရမည်။**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ Reserve Bank of India ၏ဥက္ကဋ္ဌ H.E. Shri. Sanjay Malthotra တို့ တွေ့ဆုံဆွေးနွေးစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ Reserve Bank of India ၏ဥက္ကဋ္ဌ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇွန် ၂

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ Reserve Bank of India ၏ ဥက္ကဋ္ဌ H.E. Shri. Sanjay Malthotra က ယနေ့နံနက်ပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ကန့်ဘလူခရိုင်၌ မိုးရာသီ သီးနှံစုံ ဧက ၆၂၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်

ကန့်ဘလူ ဇွန် ၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်းရှိမြို့နယ်များမှ ယခုနှစ်မိုးရာသီတွင် ဆည်ရေသောက်၊ ချောင်းပိတ်၊ မြောင်းပိတ်၊ လျှပ်စစ်ရေတင်၊ မိုးကောင်းသောက်ရေနှင့် မြေအောက်ရေတင်စနစ်များဖြင့် သီးနှံစုံ ၆၂၆၈၈ ဧကကို လျာထားစိုက်ပျိုးမည်ဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

## ကျိုင်းတောင်းစက်ရုံ၏ ဓာတ်အားပေးစက်များ အလှည့်ကျရပ်တန့်၍ ထိန်းသိမ်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂

ကျိုင်းတောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နမ့်တိန်ချောင်းပေါ်တွင် တည်ဆောက်ထားပြီး ၁၈ မဂ္ဂါဝပ်ထွက်ရှိသော ဓာတ်အားပေးစက် သုံးလုံးဖြင့် စုစုပေါင်းတပ်ဆင်အင်အား ၅၄ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံဖြစ်ပြီး Run-Off River Type စက်ရုံအမျိုးအစားဖြစ်သည်နှင့်အညီ ရေဝင်ရောက်မှုအခြေအနေပေါ်မူတည်၍ ဓာတ်အားပေးစက်များအားမောင်းနှင်ပြီး ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၃ သို့ ✣



## အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ယာဉ်မောင်းလိုင်စင်ဖြေဆိုခြင်းအား ရန်ကုန်မြို့ ထောက်ကြန့်တွင် ရုံးခွဲတိုးချဲ့ဖွင့်လှစ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာနရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ယာဉ်မောင်းလိုင်စင်ရယူလိုသူများအတွက် ယာဉ်မောင်းလိုင်စင်စစ်ဆေးထုတ်ပေးခြင်းအား တိုင်းဒေသကြီးရုံးခွဲ(ရွှာသာကြီး)တွင် Online Booking စနစ်ဖြင့် အလှည့်ကျဖြေဆိုစေခြင်းအား ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ဖြေဆိုသူဦးရေများပြားလာခြင်းကြောင့် လက်ရှိဆောင်ရွက်နေသည့် (ရွှာသာကြီး)ရုံးအပြင် ရန်ကုန်မြို့ ထောက်ကြန့်တွင် ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးရုံးခွဲအား (၈-၆-၂၀၂၆)ရက်မှ စတင်ဖွင့်လှစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသောကြောင့် ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသူများအနေဖြင့် မိမိတို့ဖြေဆိုလိုသည့် နီးစပ်ရာရုံးအား Online Booking ဖြင့် ရက်ချိန်းရယူ၍ အချိန်ကုန်သက်သာစွာဖြင့် လွယ်ကူစွာသွားရောက်ဖြေဆိုနိုင်ပါကြောင်းနှင့် Online Booking ရယူခြင်းအတွက် www.rtad.gov.mm တွင် ဝင်ရောက်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**ကျန်းမာရေးဝန်ကြီးဌာန သစ်လွင်သူနာပြု ၁၄၅၂ ဦးအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်ခြင်း အခမ်းအနားကျင်းပ**

ပြည်တွင်းရေးရာ စာမျက်နှာ » ၁၂

## ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ၁၁ ကေဗွီ ဖီဒါ(၉)ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပုံမှန်ထိန်းသိမ်း ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ဇွန် ၄ ရက်တွင် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံအမှတ်(၇)၏ ၁၁ ကေဗွီ ဖီဒါ(၉) ဓာတ်အားလိုင်းကို နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ထိန်းသိမ်းပြုပြင်ခြင်း ဆောင်ရွက်မည်ဖြစ်သဖြင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဟိုတယ်ဇုန် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ရေိယာများရှိ အများပြည်သူများအား ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

ကြေးမုံ

# မိတ်ဖက်ချစ်ကြည်ရင်းနှီးရပ်တည် နီးနီးကပ်ကပ်ထိတွေ့ဆောင်ရွက်

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ၂၀၂၆ ခုနှစ် မေလ ၃၀ ရက်နေ့မှ ဇွန်လ ၃ ရက်နေ့အထိ အိန္ဒိယနိုင်ငံသို့ ပထမဆုံး တရားဝင်ခရီးစဉ် သွားရောက်ခဲ့ရာတွင် အိန္ဒိယသမ္မတနိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်တို့နှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ပူးတွဲကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ “အိမ်နီးချင်းဦးစားပေးမူဝါဒ”၊ “အရှေ့နှင့်ထိတွေ့ဆက်ဆံရေးမူဝါဒ”နှင့် “ဒေသတွင်း ဘေးကင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အပြန်အလှန် အမြိုသဟဲပြုလျက်ရှိသော ဘက်စုံလွှမ်းခြုံသည့်မူဝါဒ”များ ဆုံစည်းရာနေရာတွင် တည်ရှိကြောင်း၊ နှစ်ဖက်ဆွေးနွေးရာတွင် ကုန်သွယ်ရေးနှင့် စီးပွားရေးအရ ဆက်ဆံရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ နယ်စပ်ဒေသစီမံခန့်ခွဲမှု၊ ဖွံ့ဖြိုးရေးအကူအညီများနှင့် ယဉ်ကျေးမှုဆိုင်ရာဖလှယ်မှုများ အပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာအားကောင်းလာစေရန် အရေးကြီးကြောင်း၊ နှစ်ဖက်စလုံးက ဆွေးနွေးလျက်ရှိသည့် နားလည်မှုစာချွန်လွှာများ၏ အခြေအနေကို မှတ်သားထားရှိကြောင်းနှင့် အဆိုပါနားလည်မှုစာချွန်လွှာများ အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရန် မျှော်လင့်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပါက ဒေသတွင်း၌ အပြန်အလှန် အကျိုးရှိစေမည့် စီးပွားရေးချိတ်ဆက်မှုများနှင့် နှစ်နိုင်ငံ စည်ပင်ထွန်းကားလာစေမည်ဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ်မှစတင်၍ မြန်မာကျောင်းသားများအတွက် မဲခေါင်-ဂင်္ဂါ၊ ICCR ပညာသင်ဆုများကို လက်ရှိပေးအပ်လျက်ရှိသော ပညာသင်ဆု ၃၆ ခုမှ ပညာသင်ဆု ၁၀၀ အထိ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း၊ ရူပီး-ကျပ် ငွေပေးချေမှုစနစ်အပါအဝင် နှစ်နိုင်ငံကုန်သွယ်မှုကို ပိုမိုလွယ်ကူချောမွေ့စေရန်နှင့် တိုးမြှင့်ဆောင်ရွက်သွားရန် နှစ်ဖက်သဘောတူညီခဲ့ကြပြီး အဆိုပါစနစ်အား ၂၀၂၄ ခုနှစ် မေလတွင် စတင်အသုံးပြုချိန်မှစ၍ ငွေလွှဲပြောင်းမှုပမာဏ တစိုက်မတ်မတ် တိုးတက်လာခြင်းအပေါ် ကျေနပ်အားရကြောင်း၊ မိမိတို့နိုင်ငံ၏ သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိုက်ပျိုးရေးအခြေခံကုန်ထုတ်လုပ်မှု၊ ရေနံ၊ စွမ်းအင်၊ သတ္တုတွင်းကဏ္ဍများကဲ့သို့ အပြန်အလှန်အကျိုးဖြစ်ထွန်းသည့် နယ်ပယ်များတွင် ပိုမိုနီးကပ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကို ထောက်ခံကြောင်း နှစ်ဖက်စလုံးက ပြောကြားခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုအပေါ် အိန္ဒိယနိုင်ငံအနေဖြင့် ထောက်ခံကြောင်း၊ မိမိတို့၏ အချုပ်အခြာအာဏာပိုင်နက်နယ်မြေကို တစ်ဖက်နိုင်ငံ၏ လုံခြုံရေးကို ထိခိုက်နစ်နာစေမည့် မလျော်ကန်သောဆောင်ရွက်မှုများကို တားဆီးကာကွယ်သွားရန် အရေးကြီးကြောင်း နှစ်ဖက်စလုံးက အလေးထားပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ နယ်မြေအား အိန္ဒိယနိုင်ငံ၏ လုံခြုံရေးကို ထိခိုက်စေရန် အသုံးပြုခွင့်ပြုမည်မဟုတ်ကြောင်း နိုင်ငံတော်သမ္မတက ထပ်လောင်းပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် ခိုင်မာပြီး ယုံကြည်စိတ်ချရသော မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရန် ဆောင်ရွက်သွားရန် ကတိကဝတ် ဆက်လက်ထားရှိကြောင်း ဝန်ကြီးချုပ်က အတည်ပြုပြောကြားခဲ့သည်။

ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာဦးဆောင်သော ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်လေးစားမှုနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကိုအခြေခံ၍ ကူညီပံ့ပိုးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ကမ်းလှမ်းခဲ့သည်။ အိန္ဒိယနိုင်ငံ၏ အပြုသဘောဆောင်သည့် ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအပေါ် နိုင်ငံတော်သမ္မတက ကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့သည်။ မွမ်ဘိုင်းမြို့ခရီးစဉ်အတွင်း စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုဆောင်ရွက်မည့်အစီအစဉ်သည် ရှိရင်းစွဲ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများနှင့် စီးပွားရေးအရ ချိတ်ဆက်ဆောင်ရွက်မှုတို့ကို ပိုမိုခိုင်မာစေမည်ဟု ယုံကြည်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ တရားဝင်ခရီးစဉ်သည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ရေရှည်တည်တံ့ခိုင်မြဲ၍ ချစ်ကြည်ရေးနှင့်နီးကပ်သော မိတ်ဖက်ရပ်တည်မှုကိုလည်းကောင်း၊ နှစ်နိုင်ငံ အပြန်အလှန်အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းလာစေရန် ဘုံတူညီသော ကတိကဝတ်များထားရှိမှုကိုလည်းကောင်း ထပ်လောင်းအတည်ပြုခဲ့ခြင်းဖြစ်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအဆင့်တိုင်းတွင် နီးကပ်စွာ ဆက်လက်ထိတွေ့ဆောင်ရွက်သွားရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြပါကြောင်း။ ။

## နောင်ချိုမြို့နယ်၌ တောင်သူများအား မိုးရာသီမျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်

နောင်ချို ဇွန် ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရစိုးနှင့် တာဝန်ရှိသူများသည် ယမန်နေ့က နောင်ချိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည့် မိုးရာသီမျိုးစေ့နှင့် သွင်းအားစုများ ချီးမြှင့်ပေးအပ်ပွဲသို့ရောက်ရှိပြီး ၂၀၂၆-၂၀၂၇ ခုနှစ် မိုးရာသီတွင်စိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရစိုးက အမှာစကားပြောကြားပြီး မိုးရာသီမျိုးသန့်ပွားထုတ်လုပ်မည့် တောင်သူများနှင့် အကျိုးဆောင်စံပြစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ကျောက်မဲခရိုင်ဦးစီးမှူး ဦးဝင်းထင်စိုး၊ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် တာဝန်ရှိသူများက မျိုးစေ့နှင့် သွင်းအားစုများကို ပေးအပ်ချီးမြှင့်ရာ တောင်သူများက လက်ခံရယူပြီး တောင်သူများကိုယ်စား တောင်သူဦးပြုံးချိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## (၂-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၂၀၀,၃၂၈.၄၇ | ၈၅၉,၅၄၄.၅၈ | ၃၂,၈၀၆,၀၃၂.၉၈ | ၁၈,၅၄၀,၀၀၀.၀၀ |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ မုယော၊ ဓာတ်မြေသြဇာ၊ ထုပ်ပိုးမှုပစ္စည်းများ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၉ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၂ - ၆ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂ - ၆ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၇,၅၀၀ | ၁၇,၀၀၀ | ၁,၂၇၀ | ၂၁,၂၃၇,၅၀၀ |
| MTSH | ၇,၉၀၀ | ၇,၉၀၀ | ၃,၈၂၄ | ၃၀,၂၀၉,၆၀၀ |
| MCB | ၁၂,၀၀၀ | ၁၁,၅၀၀ | ၁,၂၀၁ | ၁၃,၉၁၁,၅၀၀ |
| FPB | ၅,၇၀၀ | ၅,၇၀၀ | ၄,၆၂၄ | ၂၆,၃၅၆,၈၀၀ |
| TMH | ၃,၃၅၀ | ၃,၃၅၀ | ၄၂ | ၁၄၀,၇၅၀ |
| EFR | ၁,၈၀၀ | ၁,၈၀၀ | ၄,၄၄၈ | ၈,၀၀၆,၄၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၅၄၂ | ၂,၁၆၈,၀၀၀ |
| MAEX | ၄,၈၀၀ | ၄,၈၀၀ | ၁,၂၁၀ | ၅,၈၃၀,၄၀၀ |
| MADPL(PLB) | ၆,၅၀၀ | ၆,၈၀၀ | ၆၀၂ | ၃,၉၁၆,၈၀၀ |
| ASPGB(PLB) | ၄၁,၀၀၀ | ၄၂,၀၀၀ | ၁၇၉ | ၇,၄၂၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မွမ်ဘိုင်းမြို့သို့ရောက်ရှိ၊ ဂျဝါဟာလာနေရူးဆိပ်ကမ်းသို့ သွားရောက်လေ့လာ

**နေပြည်တော် ဇွန် ၂**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နယူးဒေလီမြို့ Palam လေတပ်စခန်းမှ မွမ်ဘိုင်းမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယအစိုးရအဖွဲ့ဝင် ဖြစ်သူ Minister of State for External Affairs Shri Kirti Vardhan Singh နှင့် အိန္ဒိယအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံး မိသားစုများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မွမ်ဘိုင်းမြို့ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူး Shri. Jishnu Dev နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကောလ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့သည် ဂျဝါဟာလာနေရူး ဆိပ်ကမ်းသို့ သွားရောက် ကြည့်ရှုလေ့လာကြရာ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ Mr. Gaurav Dayal ias နှင့် ဆိပ်ကမ်းမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဆိပ်ကမ်းအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ဆိပ်ကမ်း အာဏာပိုင်အဖွဲ့အနေဖြင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို ဆိပ်ကမ်းမှ လှိုက်လှိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်အပ်ပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆိပ်ကမ်းဆိုင်ရာ သမိုင်းကြောင်းနှင့် အချက်အလက်များ၊ အရှေ့တောင်အာရှနှင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အိန္ဒိယနိုင်ငံ၏အဓိကအကျဆုံး ဆိပ်ကမ်းတစ်ခုဖြစ်မှု အခြေအနေများ၊ ဆိပ်ကမ်းတွင် နည်းပညာမြင့် စက်ကိရိယာများ အသုံးပြုလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် စီးပွားရေးမိတ်ဖက်အဖြစ် ပင်လယ်ရေကြောင်းကုန်သွယ်မှုများ၊ ဆိပ်ကမ်းဆိုင်ရာများကို ဆောင်ရွက်သွားနိုင်မှု၊ ဆိပ်ကမ်းကိုအသုံးပြုနိုင်ခြင်းဖြင့် နိုင်ငံအတွက် စည်းကြပ်ခွန်များကို တိုးတက် ရှာဖွေပေးနိုင်ခဲ့မှု၊ ဆိပ်ကမ်း၏ စွမ်းဆောင်ရည်များ တိုးတက်စေရေး၊ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာများ တိုးတက်ရေးနှင့် ဒီဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်ရေးတို့ကို ဆောင်ရွက်နိုင်ခဲ့မှု၊ ရိုးရိုးရှင်းရှင်းဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်မှု၊ Green Port အဖြစ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆိပ်ကမ်းမှ PPP မော်ဒယ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိမှု၊ ဆိပ်ကမ်းနှင့်ပတ်သက်သည့် သင်တန်းများအား မျှဝေသင်ကြားပေးနိုင်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုနှင့် အသစ်ထပ်မံတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိသည့် Vadhavan ဆိပ်ကမ်းစီမံကိန်း မှတ်တမ်းဗီဒီယိုအားကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိတို့အနေဖြင့် ယခုဆိပ်ကမ်းသို့ လာရောက်လေ့လာခဲ့ခြင်းသည် မိမိတို့နိုင်ငံ၌ ဆိပ်ကမ်း တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပြီး ယခုဆိပ်ကမ်းသည် နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းကြီးတစ်ခုဖြစ်ကြောင်း သိရှိရသဖြင့် လာရောက်လေ့လာခြင်း ဖြစ်ကြောင်း၊ ရှင်းလင်းပြသမှုများအရ ကမ္ဘာ့အဆင့် ၂၃ ရှိပြီး အိန္ဒိယနိုင်ငံတွင် အဆင့် ၁ ရှိသည့် အဆင့်မီဆိပ်ကမ်းကြီးဖြစ်ပြီး PPP စနစ်ကျင့်သုံးနေသည်ကို သိရှိရကြောင်း၊

စာမျက်နှာ ၄ သို့ ❖



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား အိန္ဒိယအစိုးရအဖွဲ့ဝင်ဖြစ်သူ Minister of State for External Affairs Shri Kirti Vardhan Singh နှင့် တာဝန်ရှိသူများက နယူးဒေလီမြို့ Palam လေတပ်စခန်း လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဂျဝါဟာလာနေရူးဆိပ်ကမ်းအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ Mr. Gaurav Dayal ias တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်စေရေးနှင့် နယ်ပယ်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ကုန်သွယ်မှုလုပ်ငန်းများတွင် ငွေပေးချေမှုများ ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် နှစ်နိုင်ငံဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ကုန်သွယ်မှုလုပ်ငန်းများအတွက် ရူပီးနှင့် ကျပ်ငွေ တိုက်ရိုက်ပေးချေနိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံမှ ဘဏ်ဝန်ထမ်းများအား ဘဏ်လုပ်ငန်းစနစ်များနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံမှ မျှဝေဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား Digital ငွေပေးချေမှုစနစ်၏ အတွေ့အကြုံများကို မျှဝေဆောင်ရွက်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

**❛ နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်စေရေးနှင့် နယ်ပယ်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ကုန်သွယ်မှုလုပ်ငန်းများတွင် ငွေပေးချေမှုများ ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် နှစ်နိုင်ငံ ဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး ❜**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးနှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ Reserve Bank of India ၏ ဥက္ကဋ္ဌနှင့်အတူ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ Reserve Bank of India ၏ ဥက္ကဋ္ဌ H.E. Shri. Sanjay Malthotra တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



❖ စာမျက်နှာ ၃ မှ

မိမိတို့နိုင်ငံတွင် ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းနှစ်ခုရှိပြီး သီလဝါဆိပ်ကမ်းသည် အထူးစီးပွားရေးဇုန်နှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် ဆိပ်ကမ်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ နိုင်ငံတော်ပိုင်ဆိပ်ကမ်းများကို အဆင့်မြှင့်တင်နိုင်ရန်အတွက် ယခုဆိပ်ကမ်းသို့ လာရောက်လေ့လာခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့် လုပ်ငန်းပူးပေါင်း ဆောင်ရွက်၍ရသည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရှင်းလင်း ပြောကြားမှုများအရ ဆိပ်ကမ်း၏ စွမ်းဆောင်ရည်များမြင့်မားသည်ကို တွေ့ရပြီး Green Area နှင့် Green Energy များ ဆောင်ရွက်ထားမှုကိုလည်း လေ့လာတွေ့ရှိရကြောင်း၊ မိမိလာရောက်သည့် ခရီးစဉ်သည် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရန် လာရောက်ခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှု အခန်းကဏ္ဍ ပိုမိုတိုးတက်လာစေရေးအတွက် မိမိတို့နိုင်ငံ၏ ဆိပ်ကမ်းများကို



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂျဝါဟာလာနေရူး ဆိပ်ကမ်းတွင် ကြည့်ရှုလေ့လာစဉ်။

အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းပညာနှင့်ပတ်သက်၍ သင်တန်းများ သင်ကြားပေးမည်ဆိုပါက မိမိတို့နိုင်ငံမှ သင်တန်းသားများကို စေလွှတ်သွားမည် ဖြစ်ကြောင်း ပြန်လည်ဆွေးနွေး ပြောကြားသည်။

**☆ ဂျဝါဟာလာနေရူး ဆိပ်ကမ်းသည် အိန္ဒိယနိုင်ငံ မဟာရာရှ်ထရာပြည်နယ် မွမ်ဘိုင်းမြို့၏ အရှေ့ဘက် နာဗာရှီဗာဒေသတွင် တည်ရှိ**

**☆ ဆိပ်ကမ်း၏ ကုန်သွယ်နိုင်မှုမှာ ကမ္ဘာ့အဆင့်(၂၃)တွင်ရှိပြီး အိန္ဒိယနိုင်ငံရှိ အဓိကကျသည့်ဆိပ်ကမ်း ၁၂ ခုအနက် အဆင့်(၁)ရှိသည့် အဆင့်မီဆိပ်ကမ်းကြီးတစ်ခုဖြစ်ကာ အိန္ဒိယတစ်နိုင်ငံလုံး၏ ကွန်တိန်နာသယ်ပို့မှု ၅၀ ရာခိုင်နှုန်းကို ယခုဆိပ်ကမ်းမှ သယ်ယူပို့ဆောင်ခြင်းဖြစ်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဂျဝါဟာလာနေရူးဆိပ်ကမ်း ဆိပ်ကမ်းအာဏာပိုင် ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဂျဝါဟာလာနေရူးဆိပ်ကမ်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းဆွေးနွေး ပြောကြားခဲ့သည်။

အဆိုပါ ဂျဝါဟာလာနေရူး ဆိပ်ကမ်းသည် အိန္ဒိယနိုင်ငံ မဟာရာရှ်ထရာ ပြည်နယ် မွမ်ဘိုင်းမြို့၏ အရှေ့ဘက် နာဗာရှီဗာဒေသတွင် တည်ရှိကြောင်း၊ ဆိပ်ကမ်း၏ ကုန်သွယ်နိုင်မှုမှာ ကမ္ဘာ့အဆင့်(၂၃)တွင်ရှိပြီး အိန္ဒိယနိုင်ငံရှိ အဓိကကျသည့် ဆိပ်ကမ်း ၁၂ ခုအနက် အဆင့်(၁) ရှိသည့် အဆင့်မီဆိပ်ကမ်းကြီး တစ်ခုဖြစ်ကာ အိန္ဒိယတစ်နိုင်ငံလုံး၏ ကွန်တိန်နာသယ်ပို့မှု ၅၀ ရာခိုင်နှုန်းကို ယခုဆိပ်ကမ်းမှ သယ်ယူပို့ဆောင်ခြင်းဖြစ်ကြောင်း၊ ယခုဆိပ်ကမ်းကြီးသည် အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှုကို အကောင်အထည်ဖော်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး အရှေ့တောင်အာရှဒေသနှင့် အဓိကဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ဆိပ်ကမ်းကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



○ ကန့်ဘလူမှ

ကန့်ဘလူခရိုင်အတွင်းရှိ ကန့်ဘလူမြို့နယ်နှင့်ကျွန်းလှမြို့နယ်တို့တွင် မိုးရာသီသီးနှံစုံအမျိုးအစားအလိုက် လျာထားဧကများမှာ မိုးစပါး ၁၇၉၄၅၉ ဧက၊ ပဲမျိုးစုံသီးနှံ(ပဲတီစိမ်း၊ ပဲစင်းငုံ၊ စွန်တာပြာ၊ ထောပတ်ပဲ စသည်) ၂၂၇၈၁၇ ဧက၊ ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ စသည်) ၅၉၈၄၁ ဧက၊ ဝါသီးနှံ ၁၀၄ ဧက၊ စားဖိုဆောင်သီးနှံ ၁၅ ဧက၊ အခြားသီးနှံ(ချဉ်ပေါင်လျှော်၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ ကျွဲနွားစာ စသည်) ၁၁၇၂၀၅ ဧက၊ နှစ်ရှည်ပင်သီးနှံ(ငှက်ပျော၊ ထန်း၊ အုန်း၊ ကွမ်းရွက်၊ ကွမ်းသီး၊ သစ်သီးပင် စသည်) ၃၇၀၄၂ ဧက၊ လျှော်ဖြူ ၁၂၀၄ ဧကနှင့် ကြယ်ပဲတစ်ဧကဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက တာဝန်ခွဲဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ပါက ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

✣ ကျိုင်းတောင်းစက်ရုံမှ

၂၀၂၆ ခုနှစ် နွေရာသီကာလတွင် ရေဝင်ရောက်မှုအခြေအနေမှာ ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားပေးစက်နှစ်လုံးသာ မောင်းနှင်နိုင်သည့် ရေပမာဏသာရှိသဖြင့် တပ်ဆင်ထားသော စက်သုံးလုံးအနက် နှစ်လုံးကို အလှည့်ကျမောင်းနှင်ပြီး ကျန်တစ်လုံးကို ရပ်တန့်ထားသည်။

**ဓာတ်အားထုတ်လုပ်ပေး**

လာမည့်မိုးရာသီ ရေဝင်များပြားလာမည့်ကာလတွင် ဓာတ်အားပေးစက်သုံးလုံးကို စက်စွမ်းအားပြည့်မောင်းနှင်နိုင်ရန်နှင့် ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ဓာတ်အားပေးစက်များပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဓာတ်အားပေးစက် သုံးလုံးအနက် အမှတ်(၁)စက်ကို ၂၀၂၆ ခုနှစ် မေ ၁၈ ရက်မှ ၂၈ ရက်အထိ ဆောင်ရွက်ခဲ့ပြီး အမှတ်(၂) စက်ကို မေ ၂၉ ရက်မှ ဇွန် ၇ ရက် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ စက်တစ်လုံး ရပ်တန့်ပြုပြင်နေစဉ်အတွင်း ကျန်စက်နှစ်လုံးအား မောင်းနှင်လည်ပတ်၍ ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည်။

၂၀၂၆ ခုနှစ် မေလနှင့် ဇွန်လတို့တွင် ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရေဝင်ရောက်မှုအရ ဓာတ်အားပေးစက်နှစ်လုံးဖြင့် ပြည့်မီအောင် မောင်းနှင်နိုင်သဖြင့် ဓာတ်အားစနစ်သို့ ဓာတ်အားထုတ်လုပ်ပို့လွှတ်မှုကို ထိခိုက်မှုမရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသစ်ပင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ကြံခင်း ဇွန် ၂

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် အောက်ပန်းတော်ကျေးရွာကျောင်းတိုက်၌ ယနေ့နံနက်ပိုင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသစ်ပင်ထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

**ဟောပြော**

ဦးစွာ တောအုပ်ကြီး ဦးမျိုးမင်းဇော်က သစ်တောသစ်ပင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောသစ်ပင်များ၏ အရေးပါမှုနှင့် ပြန်းတီးရခြင်းအကြောင်းများ၊ တရားမဝင် သစ်ခိုးယူခုတ်လှဲမှုလျော့နည်းပပျောက်ရေး၊ သစ်တောဦးစီးဌာနက ဆောင်ရွက်နေသည့်လုပ်ငန်းများ



အကြောင်း ဟောပြောသည်။

ထို့နောက် တောအုပ်ကြီး ဦးဝေယျာထွန်းက သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းနည်းစနစ်များ၊ မီးခိုးမြူငွေ့လျှော့ချရေး၊ တောမီးရှို့ခြင်းမှ ကာကွယ်ရေး၊ တောဆင်ရိုင်းအန္တရာယ်ကာကွယ်ရေးတို့ကို ဆွေးနွေးကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၂

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူး Shri. Jishnu Dev Verma နှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Maharashtra Lok Bhavan Mumbai (Governor's House) သို့ ရောက်ရှိရာ မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးတို့သည် တွေ့ဆုံဆွေးနွေးကြသည်။ အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူး Shri. Jishnu Dev Verma အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်သည်နှင့်အညီ သမိုင်းကြောင်းတစ်လျှောက်ကောင်းမွန်သည့် ဆက်ဆံရေးများရှိခဲ့မှုနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံပြည်သူများ အချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံမှုများရှိမှု အခြေအနေများ၊ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် အိန္ဒိယနိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်းပီသစွာဖြင့် ကူညီမှုများ ဆောင်ရွက်ပေးခဲ့မှုအပေါ် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် ကျေးဇူးတင်ရှိမှုအခြေအနေများနှင့် အခြားနှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူးတို့သည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲပြုလုပ် မည့်နေရာသို့ ရောက်ရှိရာ ပြည်နယ်ဂုဏ်ပြုတီးဝိုင်းအဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးက ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတက ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြန်လည်မိတ်ဆက်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ဂုဏ်ပြုညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မဟာရာရှ်ထရာ ပြည်နယ်ဂုဏ်ပြုတီးဝိုင်းအဖွဲ့က နှစ်နိုင်ငံတေးသီချင်းများဖြင့် တီးမှုတ်ဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတသည် Maharashtra Lok Bhavan Mumbai (Governor's House) ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မဟာရာရှ်ထရာပြည်နယ် ဂုဏ်ပြုတီးဝိုင်းအဖွဲ့၏ ဖျော်ဖြေတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်သမ္မတနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးတို့က ချီးမြှင့်ငွေများပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး အမျိုးသားလွှတ်တော် အမြဲတမ်းကော်မတီများအားတွေ့ဆုံ

နေပြည်တော် ဇွန် ၂

ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိအမျိုးသားလွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ အမျိုးသားလွှတ်တော် အမြဲတမ်းကော်မတီများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်(၃)ရပ်တွင် မိမိတို့လွှတ်တော်များသည် ဥပဒေပြုရေးတာဝန်သာမက အုပ်ချုပ်ရေးနှင့်တရားစီရင်ရေး မဏ္ဍိုင်တို့ကို ဥပဒေအရ အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်ခွင့် အပ်နှင်းခံရသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ လွှတ်တော်ကော်မတီများသည် ယင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သည့်နေရာတွင် အရေးကြီးသည့် အဖွဲ့အစည်းများ ဖြစ်ပါကြောင်း။

အမြဲတမ်းကော်မတီများသည် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး ဖိတ်ကြား ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်း၊ လိုအပ်သည့် အထောက်အထားတင်ပြစေခြင်းစသည့် ဆောင်ရွက်ခွင့်ရှိသော အရေးကြီးသည့် လွှတ်တော်ကော်မတီများဖြစ်ပြီး လွှတ်တော်၏ အဓိကကျသည့် အဖွဲ့အစည်းများ ဖြစ်ပါကြောင်း။

အမြဲတမ်းကော်မတီ (၄)ရပ် အနေဖြင့် မတူညီသောလုပ်ငန်းတာဝန်များရှိပြီး (၁)ဥပဒေကြမ်းများ စိစစ်ဆွေးနွေးခြင်း၊ (၂) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာ ကိစ္စရပ်များစိစစ်ခြင်း၊ (၃) လွှတ်တော်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ (၄) ပြည်ထောင်စုအစိုးရ၏ အာမခံချက်၊ ကတိကဝတ်များ စိစစ်ခြင်းဆိုင်ရာများ စသည့် လွှတ်တော်၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အဓိကအကျဆုံး အရေးကြီးသည့် ကော်မတီများ ဖြစ်ပါကြောင်း။

လွှတ်တော် အမြဲတမ်းကော်မတီများဖြစ်ကြသည့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများသည် အစိုးရနှင့် အပြန်အလှန် ထိန်းကျောင်းပြီး ပူးပေါင်းဆောင်ရွက်ရပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းသည် နိုင်ငံတော်ယန္တရား အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်ရေးနှင့် ပြည်သူ့အကျိုးစီးပွား ဖော်ဆောင်ရေးအတွက် အရေးကြီးသော ကဏ္ဍဖြစ်ပါကြောင်း။

အမြဲတမ်း ကော်မတီများသည် ဥပဒေပြုရေး၊ ဘဏ္ဍာငွေကြီးကြပ်ရေး၊ ကိုယ်စားလှယ် ကျင့်ဝတ်နှင့်အညီ ပြုမူနေထိုင်ရေးတို့အတွက် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိပါကြောင်း၊ ကော်မတီတစ်ခုစီ၏ ဆောင်ရွက်ချက်များ၊ ပြည်သူများ၏ လိုလားတောင့်တချက်များကို လွှတ်တော်က ဖော်ဆောင်မှုနှင့်အတူ ပြည်သူအတွက် ဆောင်ရွက်ချက်များအဖြစ် ထင်ဟပ်စေပြီး အစိုးရ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုကိုလည်း ပေါ်လွင်ထင်ရှားစေပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ကော်မတီများ၏ လုပ်ငန်းများကို အစဉ်တိုက်တွန်းအားပေးပြီး အကြံပြုချက်များကို အလေးထား ဆောင်ရွက်ရန်၊ ကော်မတီများအနေဖြင့် မိမိတို့၏ လုပ်ပိုင်ခွင့်ကိုအသုံးပြုပြီး ပြည်သူ့အကျိုးကိုရှေးရှု ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။



လွှတ်တော် လုပ်ငန်းစဉ်တွင် ကော်မတီများအနေဖြင့် မိမိတို့လွှတ်တော်တစ်ရပ်တည်းမဟုတ်ဘဲ တစ်ဖက်လွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်ရသည့် အပိုင်းများလည်း ရှိလာနိုင်ပါကြောင်း၊ နိုင်ငံတော်၏ အနာဂတ်သည် မိမိတို့၏ စုပေါင်းတိုင်ပင် ဆုံးဖြတ်ချက်များနှင့် တာဝန်ယူမှုအပေါ် တည်ရှိသည့်အတွက်ကော်မတီများ၏ အောင်မြင်မှုသည် လွှတ်တော်တစ်ရပ်လုံး၏ ဂုဏ်သိက္ခာနှင့် ပြည်သူများ၏ ယုံကြည်မှုကို မြှင့်တင်ပေးလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် တာဝန်ကျေ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ပြည်သူကောင်းကျိုးအတွက် စေတနာထား ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်အခွင့်အရေးကော်မတီ၊ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးတို့က သက်ဆိုင်ရာ ကော်မတီအလိုက် ဖွဲ့စည်းထားရှိမှု၊ ကော်မတီလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်သွားမည့်အခြေအနေများကိုတင်ပြကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၂**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရှေ့မှောက်၌ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လေးဦးက ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၅၀ ဦး တက်ရောက်သဖြင့် တက်ရောက်မှု ရာခိုင်နှုန်း ၉၉ ဒသမ ၇၂ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် လွှတ်တော် ရပ်နားထားစဉ် ကာလအတွင်း ကိုယ်စားလှယ်များ အနေဖြင့် မဲဆန္ဒရှင်ပြည်သူများထံ အရောက်သွားပြီး ပြည်သူ့အသံ၊ လိုလားချက်၊ လိုအပ်ချက်များကို နားထောင်မှတ်သားခြင်း၊ ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု၊ ပြည်သူအကျိုးပြု လုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင် ဆောင်ရွက်ခဲ့ကြခြင်းများ အပေါ် မြင်ကြားသိရသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း။

လွှတ်တော်၏ အဓိကတာဝန်တစ်ရပ်မှာ ဥပဒေပြုရေးဖြစ်သည့်အတွက် တည်ဆဲဥပဒေများသည် မျက်မှောက်ခေတ် အခြေအနေ၊ မူဝါဒများနှင့် ကိုက်ညီမှု ရှိ၊ မရှိ၊ နိုင်ငံတော် တိုးတက်ရေးနှင့် ပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများ ဖြစ်၊ မဖြစ်တို့ကို လေ့လာဆန်းစစ်၍ လိုအပ်ပါက ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းတို့ကို မိမိတို့ လွှတ်တော် သက်တမ်းတွင် ပိုမိုပြီးပြည့်စုံအောင် ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် လွှတ်တော်အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ရေး၊ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေများ ဖြစ်ထွန်းစေရေးကိုလည်း အရှိန်မြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း။

လွှတ်တော်အနေဖြင့် ဥပဒေများပြဋ္ဌာန်းရုံသာမကဘဲ တည်ဆဲဥပဒေများမှတစ်ဆင့် တစ်ဆင့်ခံ ဥပဒေထုတ်ပြန်ခွင့် အာဏာ အပ်နှင်းခြင်းခံရသည့် အဖွဲ့အစည်းအသီးသီးက ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများ၊ လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့် ဆီလျော်ညီညွတ်မှု ရှိ၊ မရှိ ဆန်းစစ်နေရမည်ဖြစ်သလို ဥပဒေများအား နိုင်ငံတော်အတွင်းရှိ အဖွဲ့အစည်းများနှင့် နိုင်ငံသားအားလုံးက လိုက်နာကျင့်သုံးရေးနှင့် အပြန်အလှန် ထိန်းညှိကူညီရေးတို့ကို ဆောင်ရွက် ကြရမည်ဖြစ်ကြောင်း။

ထိုတာဝန်များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်ကော်မတီများက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်လုပ်ငန်းများအား ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ယခု ဒုတိယပုံမှန်အစည်းအဝေးတွင် အခြားကော်မတီများကိုတိုးချဲ့ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လွှတ်တော် ကိုယ်စားလှယ်များက ပြည်သူများ၏ သဘောဆန္ဒများကို လွှတ်တော်သို့ သယ်ဆောင်လာပြီး မေးခွန်း၊ အဆိုများနှင့် ဥပဒေကြမ်းများအဖြစ် မေးမြန်း၊ ဆွေးနွေး၊ ညှိနှိုင်းဆုံးဖြတ်ကြရာတွင်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား ဖြစ်ထွန်းစေသော ဥပဒေများနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သော ကိစ္စရပ်များ ဖြစ်စေရန် လိုအပ်ကြောင်း။

မိမိတို့ လွှတ်တော်သက်တမ်းကာလအတွင်း လွှတ်တော်၏ အခန်းကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် လွှတ်တော်ဆိုင်ရာ ဆောင်ရွက်ချက်များအား ပြည်သူသို့ နည်းလမ်းစုံဖြင့် ထိတွေ့အသိပေးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် လိုအပ်သည့်သင်တန်းများစီစဉ်ခြင်း၊ နိုင်ငံတကာ ပါလီမန်များနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း များကိုလည်း တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပဒေ၏အကာအကွယ်အောက်တွင် ပြည်သူများလုံခြုံအေးချမ်း၊ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူကအားကိုးသည့် ဥပဒေပြုမဏ္ဍိုင် ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးနှင့် ဒုတိယပုံမှန် အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ်၊ ဘယ်လာရုစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ အီဂေါ်ဆာဂေယန်ကို၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ United Russia ပါတီဥက္ကဋ္ဌ မစ္စတာ ဒီမီထရီမက်ဗီဒက်ဗ်၊ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဟိုရိမိချီဝါတာနာဘေး၊ ဂျပန်-မြန်မာ ယဉ်ကျေးမှု မြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာ ဖုမီအို အူဆုအိနှင့် အသင်း ညွှန်ကြားရေးမှူး မစ္စတာ နာအိုဟိကို တာကခု၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်နှင့်အောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ဆိုဖွန်း ဇာရမ်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးမစ္စတာ ကလျာဏ ဝိပတ္တိဘူမိပြထေရ်တို့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ်၊ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဟိုရိမိချီဝါတာနာဘေး၊ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖုမီအို အူဆုအိနှင့် အသင်း ညွှန်ကြားရေးမှူး မစ္စတာ နာအိုဟိကိုတာကခုတို့က ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌထံ ပေးပို့လာသော သဝဏ်လွှာများကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ထို့ပြင် ပြည်သူ့လွှတ်တော်နှင့် ကမ္ဘောဒီးယားနိုင်ငံ လွှတ်တော် အကြား ကောင်းမွန်သော ချစ်ကြည်ရင်းနှီးမှု နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံမှပေးပို့သော သဝဏ်လွှာအား လက်ခံရရှိသဖြင့် ကမ္ဘောဒီးယား အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်အာခါမိုဟာ ဆီနာပါတိုင်း တဲ့ချိုဟွန်ဆင်ထံမှ ကျေးဇူးတင်ရှိကြောင်း သဝဏ်လွှာပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်၏ ပြည်တွင်း အခွန်ဦးစီးဌာန၏ မော်တော်ကားဝယ်ယူ၊ ရောင်းချခြင်းများအပေါ် အခွန်စည်းကြပ်ရန် စံနှုန်းသတ်မှတ်ထားရှိသည့် ပေါက်ဈေးနှုန်းများထက် ထက်ဝက်ကျော်သော ဈေးနှုန်းထားများဖြင့် ရောင်းဝယ်လုပ်ကိုင်နေခြင်းများအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ စီမံကြပ်မတ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိ၊ မရှိ၊ အစီအစဉ်မရှိပါက အဘယ့်ကြောင့်နှင့် အစီအစဉ်ရှိပါက မည်သည့်ကာလအပိုင်းအခြားတွင် စီမံဆောင်ရွက်သွားမည်တို့ကိုသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များ ဝယ်ယူခြင်း၊ ရောင်းချခြင်းများအပေါ် အခွန်လွတ်ကင်းမှု မရှိစေရေးအတွက် မော်တော်ယာဉ် အမျိုးအစားအလိုက် နှစ်စဉ်စံနှုန်းများ ကြိုတင်ပြုစုသတ်မှတ်ပြီး အခွန်စည်းကြပ်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်စဉ် စံနှုန်းတန်ဖိုးသည်လည်း အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးနှင့် မိမိဆန္ဒအလျောက် အခွန် ပေးဆောင်နိုင်စေရေးတို့အတွက် မော်တော်ယာဉ် အမျိုးအစားအလိုက် တစ်ပြေးညီဖြစ်စေရန် သတ်မှတ်ထားသည့် စံနှုန်းများဖြစ်သဖြင့် မော်တော်ယာဉ်ဈေးနှုန်း အတက်အကျ အခြေအနေများအရ ပြင်ပပေါက်ဈေးနှင့် စံနှုန်းကွာဟမှု ရှိနိုင်ပါကြောင်း။

ပြည်တွင်း အခွန်များဦးစီးဌာနအနေဖြင့် IDS(IRD Documentation System) စနစ်ကို မြေပြင်တွင်အများဆုံး အရောင်းအဝယ် ဖြစ်နေသည့် မော်တော်ယာဉ်များ၏ ထုတ်လုပ်သည့် ခုနှစ်အလိုက် စံနှုန်းတန်ဖိုးများကို အတည်ပြုသတ်မှတ်ထည့်သွင်း ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ စံနှုန်းများသတ်မှတ်ရာတွင် မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်းနှင့် မော်တော်ယာဉ် အရောင်းပြခန်းများမှ သတင်းအချက်အလက်များရယူကာ (၆)လ တစ်ကြိမ် ပြန်လည် သုံးသပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပြည်တွင်း အခွန်များဦးစီးဌာန အနေဖြင့် ပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်နှင့် ပိုမို၍ပွင့်လင်းမြင်သာသည့် စနစ်တစ်ခုဖြစ်စေရန် မော်တော်ယာဉ်တန်ဖိုး အလိုအလျောက် စိစစ်အခွန် တွက်ချက်ပေးဆောင်သည့်စနစ် (Vehicle Automatic Valuation System– VAVS)ကို Online မှတစ်ဆင့် အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လင်းခေး မဲဆန္ဒနယ်မှ စိုင်းထွန်းစံ(ခ) စိုင်းဆေဟန်၏ ပြည်တွင်းစက်သုံးဆီ အရောင်းဆိုင်များတွင်လက်ကျန်ဆီများရှိနေပါလျက်နှင့် အကြောင်းပြချက် အမျိုးမျိုးဖြင့် ဈေးနှုန်းချက်ချင်း မြှင့်တင်ပြီး အမြတ်ကြီးစားနေသော ဆီဆိုင်များအား မည်သို့သောထိရောက်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မြို့များတွင် အိမ်နီးချင်းနိုင်ငံများမှ တင်ပို့မှုကန့်သတ်လာပါက ဈေးနှုန်း တည်ငြိမ်စေရန်အတွက် အစိုးရတွင် မည်သို့သော အစီအစဉ်နှင့် အစားထိုးဝယ်ယူမည့် လမ်းကြောင်းများ ပြင်ဆင်ထားသည်ကို သိရှိလိုခြင်း၊ စက်သုံးဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများ ကော်မတီအနေဖြင့် ဆီဆိုင်များအား ကွင်းဆင်းစစ်ဆေးပြီး အမှန်တကယ်ပြတ်လပ်မှု ရှိ၊ မရှိ၊ မတန်တဆဈေးနှုန်းများအား ထိန်းညှိပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် စီးပွားရေးသမားများ၏ ခေါင်းပုံဖြတ်မှုမှ ပြည်သူလူထုကို ကာကွယ်ပေးရန်အတွက် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရေးနှင့် ဖူလုံမှုရှိစေရန် အစီအမံများ ချမှတ် ဆောင်ရွက်လျက်ရှိသောကြောင့် စက်သုံးဆီ ပြတ်လပ်မှုမရှိနိုင်ပါကြောင်း၊ ပြည်သူများမှ စက်သုံးဆီ ဝယ်ယူသုံးစွဲရာတွင် အရောင်းဆိုင်များမှ ဈေးတင်ရောင်းချခြင်းများ မရှိစေရေးနှင့် ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးအတွက် မြို့နယ်များအလိုက် ရည်ညွှန်း လက်လီဈေးနှုန်းများကို စိစစ်တွက်ချက်ပြီး အများပြည်သူ သိစေရန် နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိပါကြောင်း။ **စာမျက်နှာ ၇ သို့** ☆



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

☆ စာမျက်နှာ ၆ မှ

စက်သုံးဆီ အရောင်းဆိုင်များ၏ သတ်မှတ်ရည်ညွှန်းဈေးများအတိုင်း ရောင်းချနိုင်ရေး ညွှန်ကြားကြပ်မတ် ဆောင်ရွက်လျက်ရှိပြီး တိုင်ကြားလာမှုများအပေါ် မှန်ကန်ကြောင်း စိစစ်တွေ့ရှိရပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက် ရှိပါကြောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်းရှိမြို့များတွင် အိမ်နီးချင်းနိုင်ငံများမှ စက်သုံးဆီတင်ပို့မှု ကန့်သတ်လာပါက ဈေးနှုန်းတည်ငြိမ်စေရန်အတွက် ပင်လယ်ရေကြောင်းမှ တင်သွင်းသည့် စက်သုံးဆီကုမ္ပဏီများမှတစ်ဆင့် စက်သုံးဆီများ ပြန်လည်ရရှိနိုင်ရေးနှင့် ရန်ကုန်-နေပြည်တော် -တောင်ကြီး -ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးအတိုင်း သယ်ဆောင်ဖြန့်ဖြူးသွားနိုင်ရေး အစီအမံများ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင်များတွင် အမှန်တကယ်ဆီပြတ်လပ်မှု ရှိ/ မရှိ ပုံမှန်/ရှောင်တခင် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး မတန်တဆဈေးနှုန်းများဖြင့် ရောင်းချမှု မရှိစေရေးနှင့် စီးပွားရေးသမားများ၏ ခေါင်းပုံဖြတ်မှုမှကာကွယ်ပေးနိုင်ရေး သတင်းစုံစမ်းဖော်ထုတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ ရှမ်းပြည်နယ် နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့အတွင်းရှိ နယ်မြေခံတပ်သို့ပို့လွှတ်ထားသော ဓာတ်အားလိုင်းမှ အန္တရာယ်ရှိနေသော သစ်လုံးတိုင်များအား ခိုင်ခံ့သည့် ကွန်ကရစ်တိုင်များဖြင့် အမြန်ဆုံး အစားထိုးလဲလှယ်ပေးရန်နှင့် အဆိုပါဓာတ်အားလိုင်းအား မြို့ပတ်လမ်း သို့မဟုတ် မြို့ရှောင်လမ်းဘက်မှ လိုင်းလမ်းကြောင်း ပြောင်းလဲသွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ရှမ်းပြည်နယ် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ နယ်မြေခံတပ် ရေစက်၏ ၁၁/၀.၄ ကေဗွီ၊ ၅၀ ကေဗွီအေ ထရန်စဖော်မာသို့ ဓာတ်အားပေးရန်အတွက် ကျိုင်းတောင်း ဓာတ်အားပေးစက်ရုံရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားသော ၁၁ ကေဗွီ ကျိုင်းတောင်းမြို့တွင်း ဖီဒါ ဓာတ်အားလိုင်းမှ ခိုလမ်မြို့အထွက်တွင် ဓာတ်အားလိုင်းခွဲထွက်၍ တည်ဆောက်ထားသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းအပိုင်းတွင် ကွန်ကရစ်တိုင် ခုနစ်တိုင်နှင့် သစ်သားတိုင် နှစ်တိုင်ဖြင့် သွယ်တန်း တည်ဆောက်ထားခြင်းဖြစ်ပါကြောင်း၊ အဆိုပါ သစ်သားတိုင်နှစ်တိုင်အား ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်ဆောင်ရွက်ပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ၏ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ်တွင် လျှပ်စစ်ဓာတ်အားများအား မည်သည့်အချိန်၌ရရှိမည်၊ မည်သို့မည်ပုံ ခွဲဝေဖြန့်ဖြူးနိုင်မည့် အစီအစဉ် သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က သီပေါမြို့အား တပ်မတော်မှ ပြန်လည်သိမ်းပိုက်ရရှိပြီးနောက် ဝန်ကြီးဌာနမှ အင်ဂျင်နီယာနှင့်ဝန်ထမ်းများသည် ၆၆ ကေဗွီ သီပေါဓာတ်အားခွဲရုံအား ပြုပြင်ခဲ့ရာ ပြီးစီးခဲ့ပြီး ၆၆ ကေဗွီ မန်စံ-သီပေါ ဓာတ်အားလိုင်းကို စစ်ဆေးပြုပြင်ထားပြီးဖြစ်ပါကြောင်း။

သီပေါမြို့အား ယာယီဓာတ်အားပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ပိုင်ဆိုင်သော ၆၆၅ ကီလိုဝပ်နှင့် ၁၆၅ ကီလိုဝပ် ဒီဇယ်ဓာတ်အားပေးစက် နှစ်လုံးဖြင့် မြို့ပေါ် ဌာနဆိုင်ရာရုံး ၄၀ တို့အား တစ်နေ့လျှင် ခြောက်နာရီ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ဓာတ်အားပေးစက်အတွက် လိုအပ်သော စက်သုံးဆီအား ဝန်ကြီးဌာနမှ ပံ့ပိုးပေးလျက်ရှိပါကြောင်း။

သီပေါမြို့ရှိ ၆၆ ကေဗွီ ဓာတ်အားခွဲရုံနှင့် မြို့တွင်းဓာတ်အားဖြန့်ဖြူးပေးမည့် ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းများနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများကို ပြန်လည် ပြုပြင်ထားပြီးဖြစ်ပါသဖြင့် သီပေါမြို့အား ၆၆ ကေဗွီ မန်စံ-သီပေါ ဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားပြန်လည်ပေးနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်ပါရန်အတွက် ဝန်ကြီးဌာနမှ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီထံသို့ တင်ပြထားရှိပြီး ညှိနှိုင်းမှုများဆောင်ရွက်ပြီးစီးပါက သီပေါဓာတ်အားခွဲရုံမှတစ်ဆင့် သီပေါမြို့ပေါ်ရပ်ကွက် ၁၁ ခုအား ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်းပြန်လည်ဖြေကြားသည်။

မာန်အောင် မဲဆန္ဒနယ်မှ ဦးကျော်သန်း၏ မာန်အောင်မြို့ လျှပ်စစ်မီးရရှိရေးအတွက် ခအုန်းမော်ကျေးရွာ၌ရှိသော နေရောင်ခြည်စွမ်းအင်သုံး စက်ရုံအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် လုပ်ဆောင်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ရခိုင်ပြည်နယ် မာန်အောင်မြို့အား ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေး မာန်အောင်မြို့ ခအုန်းမော်ကျေးရွာတွင် PV 500 kW ဆိုလာ၊ ဘက်ထရီနှင့် ဒီဇယ် Hybrid System ဓာတ်အားပေးစက်ရုံ PCS (PV) Panel ရှိ Capacitor ချို့ယွင်းမှု၊ Lead Acid Battery များ၏ လျှပ်စစ်သိုလှောင်နိုင်သည့် စွမ်းရည်ကျဆင်းမှုနှင့် 625 KVA Diesel Generator ချို့ယွင်းမှုကြောင့် ၂၀၂၂ ခုနှစ် ဇူလိုင်လမှစတင်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်း မရှိတော့ပါသဖြင့် ပြန်လည်ပြုပြင်နိုင်ရန် ညှိနှိုင်းခဲ့ပြီး Posco Daewoo Co., Ltd. မှ ပြည်တွင်းရှိ ကုမ္ပဏီဖြစ်သည့် KST Co., Ltd. အား တာဝန်ပေးအပ်ခဲ့ပါကြောင်း။

ပြုပြင်ခြင်း လုပ်ငန်းများသည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော နယ်မြေဒေသလုံခြုံရေးအခြေအနေများကြောင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ယာယီရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ သို့ဖြစ်၍ ဒီဇယ်ဓာတ်အားပေးစက်ဖြင့်သာ ၁-၁-၂၀၂၄ ရက်မှ စတင်မောင်းနှင်၍ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးခဲ့ရပြီး လက်ရှိအချိန်တွင် မာန်အောင် မြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာလေးရွာတို့အား အုပ်စုလေးအုပ်စုခွဲ၍ ညအချိန်တွင် တစ်နာရီခွဲနှုန်းဖြင့် အလှည့်ကျဓာတ်အားပေးလျက်ရှိပါကြောင်း။

ဆိုလာ၊ ဘက်ထရီနှင့် ဒီဇယ်စက် Hybrid စနစ်ဖြင့် အပြည့်အဝ ပြန်လည်မောင်းနှင် ဓာတ်အားပေးနိုင်ရန်အတွက် Battery များ အစားထိုး လဲလှယ်ပေးခြင်းလုပ်ငန်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ ဘက်ထရီ လဲလှယ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ပြီးစီးပါက PV 500 kW ဆိုလာ၊ ဘက်ထရီနှင့် ဒီဇယ် Hybrid System အားမောင်းနှင်၍ မာန်အောင်မြို့အား ပုံမှန်ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း၏ နိုင်ငံတော်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မြို့နယ်များအား စက်သုံးဆီခွဲတမ်းပြန်လည်ပြီး ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် စက်သုံးဆီခွဲတမ်းပြန်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ရှမ်းပြည်(မြောက်ပိုင်း) လက်ရှိနယ်မြေအခြေအနေအရ စက်သုံးဆီပို့ဆောင်မှု အဆင်ပြေချောမွေ့ခြင်း ရှိ/မရှိနှင့် စက်သုံးဆီများကို မသက်ဆိုင်သည့် အဖွဲ့အစည်းများသို့ မရောက်ရှိစေရေးအတွက် ၁-၂-၂၀၂၆ လားရှိုးမြို့၊ တန့်ယန်းမြို့၊ မိုင်းရယ်မြို့များသို့ 92 Ron ဓာတ်ဆီ လီတာ သုံးသောင်းခြောက်ထောင်ကျော်၊ ပရီမီယံဒီဇယ် သုံးသောင်းခြောက်ထောင်ကျော်ကို တစ်မြို့လျှင် နှစ်စီးနှုန်းဖြင့် ဆီသယ်ယာဉ် ခြောက်စီးအား ကနဦးအစီအစဉ်အဖြစ် ရန်ကုန် သီလဝါမှ တောင်ကြီး-ဟိုပုံး-လွိုင်လင်-ကျေးသီး-မိုင်းရယ်-တန့်ယန်း-လားရှိုး လမ်းကြောင်းအတိုင်း သယ်ယူခဲ့ရာ ၉-၂-၂၀၂၆ ရက်နေ့တွင် သက်ဆိုင်ရာမြို့များသို့ ရောက်ရှိခဲ့ပါကြောင်း၊ လမ်းခရီးတွင် အဆင့်ဆင့်ခွင့်ပြုချက်ရယူသွားလာရသည့် အခြေအနေဖြစ်ပြီး လက်ရှိအခြေအနေတွင် စက်သုံးဆီသယ်ယူမှု အဆင်ပြေချောမွေ့မှု မရှိသေးသည့်အခြေအနေရှိနေသေးကြောင်း သုံးသပ်ရပါသဖြင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်း ရောင်းချဖြန့်ဖြူးရေးအသင်းမှ စက်သုံးဆီဝယ်ယူခွင့် (PO) အား ဆက်လက်ယာယီရပ်ဆိုင်းထားပါကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် စက်သုံးဆီသယ်ယူမှု လမ်းခရီးအခြေအနေချောမွေ့ ကောင်းမွန်မှုရှိချိန်တို့တွင် စက်သုံးဆီဝယ်ယူခွင့် (PO) များကို ပြန်လည်ခွင့်ပြုပေးနိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတကာ ဆက်ဆံရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌအဖြစ် ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်းနှင့် အတွင်းရေးမှူးအဖြစ် နန်းယွန်း မဲဆန္ဒနယ်မှ ဦးယောအေးလှတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ယင်းနောက်ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌအဖြစ် ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်း၊ အတွင်းရေးမှူးအဖြစ် နန်းယွန်း မဲဆန္ဒနယ်မှ ဦးယောအေးလှ အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို ဇွန် ၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြစ်ကြီးနားမြို့၌ ဥပဒေအရာရှိ ကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်

မြစ်ကြီးနား ဇွန် ၂

ကချင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်နယ်/ခရိုင်/မြို့နယ်ရုံးများမှ ဥပဒေအရာရှိများအတွက် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ ရှေ့ရပ်ကွက်ရှိ ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဥပဒေချုပ် ဒေါ်နန်းလှလှအေးက ဥပဒေအရာရှိများအနေဖြင့် ဥပဒေအရာရှိကျင့်ဝတ်များကို ကောင်းစွာသိရှိလိုက်နာခြင်းဖြင့် ပြည်သူများ၏ ယုံကြည်အားကိုးမှုရရှိစေရေး ဖော်ဆောင်ကြရန် တိုက်တွန်းမှာကြားကာ သက်ဆိုင်ရာကျင့်ဝတ် ကြီးကြပ်ရေးအဖွဲ့ဝင်များက ပြည်နယ် ဥပဒေချုပ်ရုံးအပါအဝင် ခရိုင်/ မြို့နယ် ဥပဒေရုံးများမှ ဥပဒေအရာရှိများအား ကျင့်ဝတ်ဆိုင်ရာမေးမြန်း ဆွေးနွေးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ) ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲ တက်ရောက်

မုံရွာ ဇွန် ၂

အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျောင်းရှိ မိုးလုံလေလုံ အားကစားလေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)မှ ကျောင်းသားကျောင်းသူများက "သိပ္ပံ-မုံရွာ"




တေးသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အလှူရှင်များက အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ)ကျောင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ကျောင်းသားကျောင်းသူများအတွက် တစ်ကိုယ်ရေသုံးပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ကျောင်းသားကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေမှုများနှင့် လက်ဝှေ့၊ အလေးမ၊ ကရာတေး၊ Fitness Dance အားကစားနည်းများဖြင့် သရုပ်ပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ခင်းကျင်းပြသထားသည့် အားကစားနည်းများအလိုက် သင်ထောက်ကူပစ္စည်းများနှင့် အားကစားလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ စာကြည့်တိုက်အတွင်း သုတ၊ ရသစာအုပ်/စာစောင်များကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၂**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေး ရှေ့မှောက်၌ ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ရှေ့မှောက်၌ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးက ကတိသစ္စာပြုစဉ်။

**မှတ်တမ်းတင်**

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခု ဒုတိယပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းဆွေးနွေးခြင်း၊ ဥပဒေကြမ်းများ စိစစ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံတော်၊ နိုင်ငံသားတိုင်းရင်းသားပြည်သူလူထု၏ အကျိုးဖြစ်ထွန်းစေမှုကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လွှတ်တော်အစည်းအဝေးများတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကန့်သတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

**ထိရောက်မြန်ဆန်လာမည်**

တတိယအကြိမ် လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ ပေါ်ပေါက် ဖွဲ့စည်းခဲ့သည့် နိုင်ငံတော် အစိုးရအဖွဲ့သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ မြှင့်တင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ကိစ္စရပ်များကို အားသွန်ခွန်စိုက် ဆောင်ရွက်နေကြသည်ကို ကိုယ်စားလှယ်များအနေဖြင့် တွေ့မြင်သိရှိပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်၊ ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏အသံ၊ ဆန္ဒများနှင့် ပေါင်းစပ်ပြီး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ အုပ်ချုပ်ရေးမဏ္ဍိုင်က ဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများသည် ထိရောက်မြန်ဆန်လာမည်ဖြစ်ကြောင်း။

အမျိုးသားလွှတ်တော်အတွက် အခြားသောရေးရာ ကိစ္စရပ်များ လေ့လာရန် လိုအပ်သည့် ရေးရာကော်မတီများကိုလည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေးရာကော်မတီများသည် မိမိတို့၏ ရေးရာကိစ္စရပ်များအလိုက် ကော်မတီ လုပ်ငန်းများကို သတ်မှတ်ပေးထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များအတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကော်မတီများ အနေဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၊ အခြားသော အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများအတိုင်း တိတိကျကျလိုက်နာပြီး ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့်ပြည်သူလူထုအကျိုးကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်ကိုလည်း သတိပြုရမည်ဖြစ်ကြောင်း။

ယခုကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေး ကာလအတွင်း အရေးကြီးသည့် ဥပဒေကြမ်းတစ်ခုကို အတည်ပြုနိုင်ရေး တင်သွင်း ဆွေးနွေးသွားရန်ရှိကြောင်း၊ ယင်းဥပဒေကြမ်းသည် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းဖြစ်ကြောင်း၊ ယင်းဥပဒေကြမ်းကို ပြည်ထဲရေး ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရမှ တစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ခဲ့ပြီး အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုရမည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း ကြုံတွေ့နေရသည့် အွန်လိုင်းလိမ်လည်မှုများကို မြန်မာနိုင်ငံအနေဖြင့် ထိထိရောက်ရောက် တိုက်ဖျက်နိုင်ရေးအတွက် ယင်းဥပဒေကြမ်းကို ကိုယ်စားလှယ်များက အလေးအနက်ထား ဆွေးနွေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ မြှင့်တင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ကိစ္စရပ်များ အရှိန်အဟုန်ဖြင့် တိုးတက် အောင်မြင်စေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထု၏ အသံ၊ ဆန္ဒများနှင့် ထင်ဟပ်ပြီး ဥပဒေပြုရေးမဏ္ဍိုင် အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ လုပ်ငန်းရပ်များကို ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ဆီနာပါ တိုင်းတဲ့ချီ ဟွန်ဆင်၊ ထိုင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မွန်ကွန်းစူရစစ်ဂျာ၊ ဂျပန်-မြန်မာ ပါလီမန် ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဂျပန်နိုင်ငံ အောက်လွှတ်တော် အမတ် မစ္စတာ ဟိရိုမိချိ ဝါတာနာဘေး၊ ဂျပန်-မြန်မာယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအိုအူဆုအိနှင့် အသင်းညွှန်ကြားရေးမှူး မစ္စတာနာအိုဟိကိုတာကခု တို့က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်သည်။

**အတည်ပြုကြေညာ**

ထို့နောက်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံတကာဆက်ဆံရေး ကော်မတီကို ၂၀၁၆ ခုနှစ် မေ ၂၄ ရက် လွှတ်တော် ရပ်နားထားစဉ်ကာလအတွင်း လုပ်ငန်းလိုအပ်ချက်အရ ဆောင်ရွက်ရန်များရှိသည့်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါ နိုင်ငံတကာဆက်ဆံရေး ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀)မှ ဦးချစ်ဆွေ၊ အတွင်းရေးမှူးအဖြစ် ချင်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉)မှ ဦးအောင်မင်းနိုင်တို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ သဘောတူသဖြင့် နိုင်ငံတကာဆက်ဆံရေး ကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို ဇွန် ၃ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပုသိမ်မြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းခွဲ (မြက်တို)၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ဆောင်ရွက်ထုတ်ပေးနေမှု လှည့်လည်ကြည့်ရှု

**နေပြည်တော် ဇွန် ၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းခွဲ (မြက်တို) ကျောင်းခန်းမ၌ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားကတ်မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ၏ သွေးအမျိုးအစားစစ်ဆေးဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားစိစစ်ရေးကတ်နှင့်အတူ e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID တစ်ပါတည်း ဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားကတ်နှင့် UID များကို ကာယကံရှင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းထံပေးအပ်ကာ မြို့နယ်ရုံးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအီလက်ထရောနစ်မဲပေးစက် ပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်းဖွင့်

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရွာတော်ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက ယခုသင်တန်းကို ကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးရှိ ဝန်ထမ်းများအား မြန်မာအီလက်ထရောနစ်မဲပေးစက်များနှင့် စပ်လျဉ်း၍ ကျွမ်းကျင်မှုရှိစေရန်နှင့် မဲပေးစက် စစ်ဆေးပြုပြင်ထိန်းသိမ်းမှုများကို ကိုယ်တိုင်စဉ်ဆက်မပြတ်ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ မဲပေးစက်များသည် ရွေးကောက်ပွဲအတွက် အရေးကြီးသည့် ကြီးကြပ်ကန့်သတ်ပစ္စည်းများဖြစ်သည့်အတွက် ထားသိုထိန်းသိမ်းရာတွင် လုံခြုံမှုရှိရန်၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်စေ ပျက်စီးထိခိုက်မှုမဖြစ်အောင် စနစ်တကျ ထားသိုထိန်းသိမ်းကြရန်၊ ခြောက်လတစ်ကြိမ် စဉ်ဆက်မပြတ် ပုံမှန်စစ်ဆေးခြင်းများကို အလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်းပို့ချနေမှုကို ကြည့်ရှုသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်တို့မှ သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ကြပြီး သင်တန်းကို ဇွန် ၂ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်ကို ယနေ့မွန်းလွဲ ၃ နာရီမှစတင်၍ သဃ်္ဃန်းကျွန်းမြို့နယ် လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း(၁) (စက်ဘီးကွင်း)နှင့် ဗိုလ်လုပွဲ ပွဲစဉ်ကိုလူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်းတို့တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်ပရိသတ်များ ကြည့်ရှုအားပေးကြသည်။



**အနိုင်ရရှိ**

ယနေ့ တတိယလုပွဲ ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပြိုင်ပွဲအပြီးတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများက အကောင်းဆုံး ဂိုးသမားဆုရ ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ်(၁) စောကောင်းခန့်၊ အကောင်းဆုံး နောက်တန်း အားကစားသမားဆုရ ရှမ်းပြည်နယ်အသင်းမှ ကျောနံပါတ်(၄) သန့်စင်၊ အကောင်းဆုံး အလယ်တန်း အားကစားသမားဆုရ ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ်(၁၀) စောအောင်မျိုးဦး၊ အကောင်းဆုံး ရှေ့တန်းအားကစားသမားဆုရ ဧရာဝတီတိုင်းဒေသကြီး အသင်းမှ ကျောနံပါတ်(၁၀) ကျော်လင်းခန့်၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရ ရှမ်းပြည်နယ်အသင်းမှ ကျောနံပါတ်(၁၁) ခွန်သာအောင်တို့အား လည်းကောင်း၊ စတုတ္ထဆုရ ကချင်ပြည်နယ်အသင်း၊ တတိယဆုရ ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ဒုတိယဆုရ ရှမ်းပြည်နယ်အသင်းတို့အား လည်းကောင်း ဆုဖလားများနှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ပထမဆုရ ကရင်ပြည်နယ်အသင်းအား တံခွန်စိုက်ဆုဖလား၊ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မွန်ပြည်နယ်ဝန်ကြီးချုပ် အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှု ကြည့်ရှုအားပေး

မော်လမြိုင် ဇွန် ၂

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်တက္ကသိုလ်တွင် ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်၊ ဖြန့်ဖြူးသူများနှင့် ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သည်များက ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စမ်းသပ်စစ်ဆေးကုသပေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက် ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးပြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၃/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်
# နို့စားနွားမွေးမြူရေးခြံနှင့် ငွေနှင်းမှိုစိုက်ပျိုးရေးခြံများ ကြည့်ရှုအားပေး

ဘားအံ ဇွန် ၂

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက ဘားအံမြို့နယ် လှာကမြင်ကျေးရွာအုပ်စု ပဒဲကောကျေးရွာရှိတောင်သူ ဦးဝင်းမြင့်၏ နို့စားနွားမွေးမြူရေးခြံတွင် ခြံလှောင်စနစ်ဖြင့် ဖရီရှန်နို့စားနွားမျိုး ၄၁ ကောင် မွေးမြူထားရှိမှုနှင့် နေ့စဉ် နို့ပိဿာချိန် ၅၀ ထွက်ရှိမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် အဆိုပါ နို့စားနွားမွေးမြူရေးခြံနှင့် တွဲဖက်၍ ဒေသကြက်နှင့် မန်ဒလီဘဲကောင်ရေ ၁၀၀ ကျော် မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးကာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အခမဲ့ချီးမြှင့်သော အာဟာရဆားခဲနှင့် တိရစ္ဆာန်သုံးဆေးဝါးများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပဒဲကောကျေးရွာရှိ တောင်သူ ဦးဆွေဦး၏ ငွေနှင်းမှိုစိုက်ပျိုးရေးခြံနှင့်တောင်ကလေး ကျေးရွာရှိ တောင်သူ စောကိုကိုဦး၏ ငွေနှင်းမှိုစိုက်ပျိုးရေးခြံတို့ကို သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရပြည့်ဝသည့်မှိုများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းမှသည် စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တန်ဖိုးမြှင့်စားသောက်ကုန်များ ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်ရေးမှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# နှစ်နိုင်ငံ ချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့

သက်လွင်(PPIB)

(ယမန်နေ့မှအဆက်)

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ နိုင်ငံရေးအားကောင်းဖို့၊ စီးပွားရေးအားကောင်းဖို့နဲ့ ကာကွယ်ရေးအားများကောင်းမွန်ဖို့ လိုအပ်ပါတယ်။ ဒီလို နိုင်ငံအတွက် အဓိကမောင်းနှင်အားတွေကောင်းနေဖို့အတွက်ဆိုရင် မိမိတို့နိုင်ငံတစ်ခုတည်းနဲ့ တည်ဆောက်နေလို့မရပါဘူး။ ဒါကြောင့် အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ မိတ်ဆွေနိုင်ငံတွေနဲ့ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးတွေကို တည်ဆောက်သွားနိုင်ဖို့ လိုအပ်ပါတယ်။ မိမိတို့နိုင်ငံဟာ ယခုအချိန်မှာ ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရနဲ့ လွှတ်တော်ဟာ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ခိုင်ခိုင်မာမာနဲ့ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေတာကိုလည်း တွေ့မြင်နေရမှာပဲဖြစ်ပါတယ်။

အစိုးရသစ်အနေနဲ့ တာဝန်ထမ်းဆောင်ချိန်ကနေစပြီးတော့ အထက်မှာဖော်ပြခဲ့တဲ့ နိုင်ငံအတွက် လိုအပ်တဲ့ အဓိကမောင်းနှင်အားတွေ အားကောင်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေတာကိုလည်း ကျွန်တော်တို့ မျက်ဝါးထင်ထင်တွေ့မြင်ရမှာပဲ ဖြစ်ပါတယ်။

ယခုအခါမှာလည်း မိမိတို့မြန်မာနိုင်ငံရဲ့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာဆိုရင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာမိုဒီရဲ့ ဖိတ်ကြားမှုနဲ့ အိန္ဒိယနိုင်ငံကို ရောက်ရှိနေတာဟာ သုံးရက်တိုင်တိုင်ရှိခဲ့ပြီပဲ ဖြစ်ပါတယ်။

အိန္ဒိယနဲ့ မြန်မာနိုင်ငံဟာဆိုရင် ခေတ်အဆက်ဆက် ကောင်းမွန်တဲ့ဆက်ဆံရေးနဲ့ အခွန့်ရှည်ခဲ့တဲ့ နိုင်ငံနှစ်နိုင်ငံဖြစ်ပြီးတော့ နှစ်နိုင်ငံအကြား ဘာသာရေး၊ယဉ်ကျေးမှု၊ကုန်သွယ်မှုစတဲ့ကဏ္ဍစုံမှာပတ်သက်ဆက်နွှယ်မှုများစွာ ရှိခဲ့ပါတယ်။ ထိုမျှသာမက ဗြိတိသျှတို့လက်အောက် ကျရောက်ခဲ့ဖူးတဲ့ ခံစားချက်သဘာဝလည်း အတူတူရှိခဲ့ပါတယ်။ တိုင်းတစ်ပါးလက်အောက်ကျရောက်ခဲ့ဖူး၍ မျိုးချစ်စိတ်ဓာတ်ပြင်းထန်မှုဟူသည့် စိတ်သဘာဝသည်လည်း တူညီစွာရှိနေနိုင်ပါတယ်။ မြန်မာနိုင်ငံသူနိုင်ငံသား ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ဗုဒ္ဓသာသနာသည်လည်း အိန္ဒိယနိုင်ငံမှ ဆင်းသက်လာခြင်းကြောင့်ဘာသာ၊သာသနာအပေါ် မြတ်နိုးတန်ဖိုးထား ကိုးကွယ်ခြင်းများလည်း တူညီကြပါတယ်။ ဒါ့ကြောင့် အိန္ဒိယနဲ့ မြန်မာနိုင်ငံသည် အဖိုးအနဂ္ဃထိုက်သော စိတ်နှလုံးသားအမြုတေများ အများဆုံးတူညီကြသော ထူးခြားသည့် နိုင်ငံနှစ်နိုင်ငံဟုသာ ဆိုရပါမယ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီက အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံး (Hyderabad House)၌ ဇွန်လ ၁ ရက်နေ့က ရင်းရင်းနှီးနှီးခရီးဦးကြိုဆိုစဉ်။

နှစ်နိုင်ငံ တရားဝင်သံတမန်ဆက်သွယ်မှုသမိုင်းအရ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ နှစ်နိုင်ငံအကြား တရားဝင်သံတမန်ဆက်သွယ်ရေးကို စတင်ထူထောင်ခဲ့ကြပါတယ်။ မြန်မာ့လွတ်လပ်ရေးခရီးအစတွင် တရားဝင်သံတမန်ဆက်သွယ်ရေးကို ထူထောင်ခဲ့သည်ဆိုသော်လည်း ၁၉၃၆ ခုနှစ်ဟူသည့် လွတ်လပ်ရေးမရရှိခင်ကတည်းကပင် နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုများရှိနေခဲ့သည်ကိုလည်း သမိုင်းကြောင်းများအရ တွေ့မြင်ရပါတယ်။ အိန္ဒိယရှိ ထင်ရှားသော စာဆိုတော် ရာဘင်ဒြာနတ်တဂိုး၊ မဟတ္တမဂန္ဒီ၊ အင်ဒီရာဂန္ဒီမှစ၍ ယနေ့အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ထိတိုင် မြန်မာနိုင်ငံသို့ အလည်အပတ်ချစ်ကြည်ရေးခရီးစဉ်များ လာရောက်ခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံ၏ အကြီးအကဲများဖြစ်ကြသော ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ သမ္မတကြီး ဦးသိန်းစိန်၊ သမ္မတကြီး ဦးထင်ကျော် စသောနိုင်ငံ့အကြီးအကဲများ အဆက်ဆက်သည်လည်း အိန္ဒိယနိုင်ငံသို့ အလည်အပတ်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ကြတာကို တွေ့မြင်နိုင်ပြီးတော့ ယင်းတို့သည် မြန်မာနှင့်အိန္ဒိယနိုင်ငံတို့၏ ချစ်ကြည်ရေးအခွန့်ရှည်မှုကို ညွှန်းဆိုပြသနေသလိုပဲ ဖြစ်ပါတယ်။

> ❝ နှစ်နိုင်ငံစီးပွားရေးချိတ်ဆက်မှုနှင့် စည်ပင်ထွန်းကားစေရေးအတွက် ကုလားတန်စီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး အပြီးသတ်နိုင်ရေး၊ ရူပီး-ကျပ်ငွေ ပေးချေမှုစနစ် တိုးချဲ့အသုံးပြုရေးနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု ပိုမိုမြှင့်တင်ရေးတို့ကို သဘောတူညီခဲ့ကြသည်။ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ဆက်လက်ထောက်ခံကြောင်း အတည်ပြုခဲ့ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများကိုလည်း အားပေးထောက်ခံကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ၂၀၂၆ ခုနှစ်မှစတင်၍ မြန်မာကျောင်းသားများအတွက် မဲခေါင်-ဂင်္ဂါ ICCR ပညာသင်ဆုများကို ၃၆ ခုမှ ၁၀၀ အထိ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးခဲ့ ❞

ယခု ကျွန်တော်တို့ရဲ့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ရဲ့ ခရီးစဉ်အကြောင်းကို ဆက်ရပါဦးမည်။ ကျွန်တော်တို့ရဲ့ သမ္မတကြီးဟာဆိုရင် ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းက အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံး (Hyderabad House)၌ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီနဲ့ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ မိမိတို့နိုင်ငံတော်သမ္မတကြီး အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိချိန်မှာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး ခရီးဦးကြိုဆိုနှုတ်ဆက်ခဲ့ပါတယ်။

အဲဒီနောက်မှာတော့မိမိတို့နိုင်ငံတော်သမ္မတကြီးနဲ့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တို့ဟာ အချိန်အတော်ယူကာ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ တွေ့ဆုံဆွေးနွေးချိန်မှာ နှစ်နိုင်ငံအကြီးအကဲနှစ်ဦးဟာဆိုရင် တည်ကြည်လေးနက်စွာနဲ့ နှစ်နိုင်ငံနဲ့ နှစ်နိုင်ငံပြည်သူများရဲ့အကျိုးကိုရှေးရှုပြီးတော့ဆွေးနွေးခဲ့ကြတာကို မိမိကိုယ်တိုင် မျက်စိနဲ့မြင် နားနဲ့ကြားသိခွင့်ရလို့လည်း လွန်စွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ တွေ့ဆုံဆွေးနွေးချက်များအရ အိန္ဒိယနိုင်ငံရဲ့ မြန်မာနိုင်ငံနဲ့ လက်ရှိ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့အပေါ် ရင်းနှီးချစ်ကြည် လေးနက်ခိုင်မာစွာ ထားရှိသည့် သဘောထားဆန္ဒနဲ့ နှစ်နိုင်ငံကြားဆက်လက်ထားရှိရမည့် အနာဂတ်၏ သဘောထားဆန္ဒကိုပါ ထင်ရှားစွာတွေ့မြင်ရပါတယ်။ နှစ်နိုင်ငံအကြား ကဏ္ဍတစ်ခုတည်းမဟုတ်၊ သမိုင်းစဉ်နှင့်ချီသည့် ဘာသာရေး၊ ယဉ်ကျေးမှု၊ မြေပထဝီ၊ နိုင်ငံရေးပထဝီနှင့် လူမှုပထဝီ စသည့်အကြောင်းနောက်ခံမှုများစွာနှင့် ပတ်သက်ဆက်နွှယ်နေတာကိုလည်း သိမြင်ရပါတယ်။

အဲဒီလိုတွေ့ဆုံချိန်မှာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာနဲ့ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံမှာ မကြာမီကာလက ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်ကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့မှုအပေါ်မှာ များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန်မှာ အိန္ဒိယနိုင်ငံကို ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် လာရောက်ခဲ့မှုအပေါ်လည်း များစွာဂုဏ်ယူပါကြောင်း၊ ယခုခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြား အစိုးရအချင်းချင်း ထိတွေ့ဆက်ဆံမှုများ ကောင်းမွန်တိုးတက်လာပြီး ထိုမှတစ်ဆင့် နှစ်နိုင်ငံအတွက် ကောင်းကျိုးရလဒ်တွေရရှိအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ခရီးဦးကြိုဆိုနှုတ်ဆက်စကားပြောကြားခဲ့ပါတယ်။

နိုင်ငံတော်သမ္မတကြီးက ပြန်လည်ဆွေးနွေးပြောကြားရာမှာ ယခုလို အဆွေတော်နှင့် ထပ်မံတွေ့ဆုံဆွေးနွေးရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် အဆွေတော်၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ပထမဆုံး ပြည်ပချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်ရသည့်အတွက်လွန်စွာအလေးထားပါကြောင်းနှင့် မိမိဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နွေးထွေးပျူငှာစွာ ကြိုဆိုသည့်အတွက်လည်း ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မိမိအနေဖြင့် အဆွေတော်နှင့်အတူ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ရှိရင်းစွဲကောင်းမွန်သော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အဆွေတော်ကို ကျေးဇူးတင်အသိအမှတ်ပြုအပ်သည်ကို ပြောကြားလိုပါကြောင်း၊ မိမိသမ္မတတာဝန်စတင်ထမ်းဆောင်မှု ကျမ်းသစ္စာကျိန်ဆိုပွဲကို အဆွေတော်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့မှုနှင့် အခမ်းအနားတက်ရောက်ရန် ကိုယ်စားလှယ်စေလွှတ်ပေးခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များစွာရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ချိန်တွင် အဆွေတော်တို့ နိုင်ငံမှကူညီမှုများ ဆောင်ရွက်ပေးခဲ့မှုအပေါ်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ "အိန္ဒိယနိုင်ငံသည် ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ခုဖြစ်လာမည်"ဟု အဆွေတော်ပြောကြားခဲ့သကဲ့သို့ မိမိတို့အနေဖြင့် တိုးတက်လာလျက်ရှိသည့် အိန္ဒိယနိုင်ငံနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ပြန်လည်ပြီး ဆွေးနွေးပြောကြားခဲ့ပါတယ်။

အိန္ဒိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတတို့၏ တွေ့ဆုံဆွေးနွေးမှုတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ စီးပွားရေး၊ လုံခြုံရေး၊ နယ်စပ်ဒေသစီမံခန့်ခွဲမှု၊ ဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအားကောင်းစေရေးနှင့် နားလည်မှုစာချွန်လွှာများ အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရေးတို့ ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံစီးပွားရေးချိတ်ဆက်မှုနှင့် စည်ပင်ထွန်းကားစေရေးအတွက် ကုလားတန်စီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး အပြီးသတ်နိုင်ရေး၊ ရူပီး-ကျပ်ငွေပေးချေမှုစနစ် တိုးချဲ့အသုံးပြုရေးနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုပိုမိုမြှင့်တင်ရေးတို့ကို သဘောတူညီခဲ့ကြသည်။ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ဆက်လက်ထောက်ခံကြောင်း အတည်ပြုခဲ့ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများကိုလည်း အားပေးထောက်ခံကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ၂၀၂၆ ခုနှစ်မှစတင်၍ မြန်မာကျောင်းသားများအတွက် မဲခေါင်-ဂင်္ဂါ ICCR ပညာသင်ဆုများကို ၃၆ ခုမှ ၁၀၀ အထိ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးခဲ့သည်။ ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ရှိရင်းစွဲနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးအရချိတ်ဆက်မှုတို့ကို ပိုမိုခိုင်မာစေခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေသည့် ဘုံသဘောတူညီချက်ကတိကဝတ်များကို အတည်ပြုအားကောင်းစေခဲ့သည်။

စာမျက်နှာ ၁၁ သို့ ✣

✣ စာမျက်နှာ ၁၀ မှ

တွေ့ဆုံပွဲပြီးဆုံးပြီးတဲ့ အချိန်မှာတော့ နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ဂုဏ်ပြုနေ့လယ်စာနဲ့ တည်ခင်းဧည့်ခံခဲ့ပြီး ပြန်လည်ထွက်ခွာချိန်မှာ နိုင်ငံတော်သမ္မတကြီး စီးနင်းသည့် မော်တော်ယာဉ်အနီးအထိ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က လိုက်ပါပို့ဆောင်မှုကို ထောက်ရှုခြင်းအားဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနဲ့ သံတမန်ဆက်ဆံရေးခိုင်မာမှု၊ အလေးအနက်ထားမှုတို့ကို ပေါ်လွင်စေခဲ့ပါတယ်။

အဲဒီနောက်မှာတော့ နိုင်ငံတော်သမ္မတကြီးဟာ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒရက်ပတီမာမူနဲ့ သမ္မတအိမ်တော်မှာတွေ့ဆုံပြီး မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတွေနဲ့ လက်ရှိရွေးကောက်ခံအစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပေါ် အိန္ဒိယနိုင်ငံအနေဖြင့်အပြည့်အဝထောက်ခံအားပေးလျက်ရှိမှုတွေ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ စီမံကိန်းတွေ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမယ့် အခြေအနေတွေ၊ နှစ်နိုင်ငံကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေး ဆက်လက်ဆောင်ရွက်သွားမယ့် အခြေအနေတွေ၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုအမွေအနှစ်များ အပြန်အလှန်ထိန်းသိမ်းရေး၊ ခရီးသွားကဏ္ဍမြှင့်တင်ရေး ဆက်လက်ဆောင်ရွက်သွားမယ့်အခြေအနေတွေ၊ နှစ်နိုင်ငံအကြားမိတ်ဆွေရင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်မှုနဲ့ အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးအတွက် အတွေ့အကြုံများ မျှဝေနိုင်သည့်အခြေအနေတွေ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမယ့်အခြေအနေတွေကို ရင်းရင်းနှီးနှီးနဲ့ အပြန်အလှန်ဆွေးနွေးနိုင်ခဲ့ပါတယ်။

မိမိတို့ နိုင်ငံတော်သမ္မတကြီးအနေနဲ့ အခုလို



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒရက်ပတီမာမူတို့ ဇွန် ၁ ရက်က သမ္မတအိမ်တော်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အိန္ဒိယနိုင်ငံကို တရားဝင်ခရီးအဖြစ် ရောက်ရှိပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ သမ္မတတို့နဲ့ တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ခြင်းဟာ အောင်မြင်သည့် သမိုင်းဝင်ခရီးစဉ်တစ်ခုအဖြစ် မှတ်တမ်းတင်ရမည်ဖြစ်ပေသည်။

မိဘတို့ အပြင်သွားလျှင် သားသမီးလေးများအတွက်ဟု မြင်မြင်သမျှကို ရည်စူးလေ့ရှိ၏။ အိမ်တွင်ကျန်ရစ်ခဲ့သည့် သားသမီးများသည်လည်း မိဘများပြန်လာလျှင် မိမိတို့အတွက်ပါလာမည့် အစားအသောက်လေးများမှစ၍ လက်ဆောင်ပစ္စည်းထိတိုင် မျှော်လင့်တတ်ကြစမြဲ။ ဤသည်ကား မိဘနှင့်သားသမီးကြားမှ ရည်စူးခြင်းနှင့် မျှော်လင့်ခြင်းသဘာဝတို့သာဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံသူနိုင်ငံသားများကြားတွင်လည်း ဤသို့သော ရည်စူးခြင်း၊ မျှော်လင့်ခြင်းများ တပွေ့တပိုက်ရှိနေမည်မှာလည်း မလွဲကေန်ပင်။

နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် တပ်မတော်သားဘဝကတည်းကပင် အရိုးကြေကြေ၊ အရေခန်းခန်းဆောင်ရွက်တတ်သော မိမိတို့ သမ္မတကြီးအနေနဲ့ ယခုခရီးစဉ်မှာလည်း ပြည်သူလူထုတို့အတွက် ကောင်းမြတ်သော အကျိုးရလဒ်များစွာကို ဖော်ဆောင်ပေးနိုင်ခဲ့မည်ဖြစ်ပြီးတော့ အိမ်ပြန်လက်ဆောင်မွန်ကောင်းကို ဆောင်ကြဉ်းပေးခဲ့မည်မှာ မလွဲကေန်ဖြစ်ကြောင်းကို အကြွင်းမဲ့ယုံကြည်ပါကြောင်း အိန္ဒိယမြေမှ စာလွှာပါးလိုက်ရပါတော့တယ်။

**❝နှစ်နိုင်ငံအကြား ယဉ်ကျေးမှုအမွေအနှစ်များ အပြန်အလှန်ထိန်းသိမ်းရေး၊ ခရီးသွားကဏ္ဍမြှင့်တင်ရေး ဆက်လက်ဆောင်ရွက်သွားမယ့် အခြေအနေတွေ၊ နှစ်နိုင်ငံအကြားမိတ်ဆွေရင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်မှုနဲ့ အမျိုးသမီးများကဏ္ဍမြှင့်တင်ရေး အတွက် အတွေ့အကြုံများ မျှဝေနိုင်သည့် အခြေအနေတွေ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတွေကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမယ့် အခြေအနေတွေကို ရင်းရင်းနှီးနှီးနဲ့ အပြန်အလှန်ဆွေးနွေးနိုင်ခဲ့❞**

ဆက်လက်ဖော်ပြပါမည်



## မုံရွာမြို့၌ စားသုံးသူရေးရာကော်မတီအစည်းအဝေးကျင်းပ

**မုံရွာ ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ စားသုံးသူရေးရာကော်မတီအစည်းအဝေး (၂/၂၀၂၆)ကို မေ ၂၈ ရက်က စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဇော်ဦးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီအတွင်းရေးမှူး ဦးမင်းမင်းက ယခင်အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧပြီလမှမေလအတွင်း စားသုံးသူကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် စားသုံးသူကာကွယ်ရေးဥပဒေအကြောင်းသိကောင်းစရာအကျဉ်းချုပ်ကို စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးထက်ဝင်းအောင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာကော်မတီသို့ တင်ပြသည့် အမှာစာများအား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မာဦးတို့က ဖတ်ကြားရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**ကြာအင်းဆိပ်ကြီး ဇွန် ၂**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် အထက(၁)၌ ယနေ့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

**ကြည့်ရှုအားပေး**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကြာအင်းဆိပ်ကြီးမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးမျိုးဝင်းကြိုင်နှင့် ဝန်ထမ်းများက ကြာအင်းဆိပ်ကြီးခရိုင် အထက(၁)ရှိ ကျောင်းသားကျောင်းသူ ၂၀၀ တို့အား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းများနှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## မဟာအောင်မြေမြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်းဖွင့်



**ချမ်းအေးသာစံ ဇွန် ၂**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု မန္တလေးမှ ကြီးမှူးကျင်းပသော ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းကို မဟာအောင်မြေမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီးစိုးမင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ပြောကြားခဲ့ပြီး မဟာအောင်မြေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားသည်။

ထို့နောက် အမှတ်(၁၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ခေတ္တတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဦးအောင်ဇော်မြင့်က သင်တန်းနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**ချမ်းစံ(ပြန်/ဆက်)**

## မရမ်းကုန်းမြို့နယ်၌ အခွန်ဥပဒေအကြောင်း အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ မရမ်းကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွဋ်အောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစောမြင့်အောင်က တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ယုမာလာဌေးက ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

**မင်းသိန်းထွန်း**

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ရန်ကုန်-ပြည်ရထားလမ်းပိုင်း၌ မိုင်နှုန်းမြင့်တင်ပြေးဆွဲနိုင်ရေးနှင့် ပြည်-အောင်လံ-ဆတ်သွား-ပုဂံလမ်းပိုင်းရှိ ရန်ပယ်ချောင်းတံတားပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လျှပ်စစ်စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးများသည် ဇွန် ၁ ရက်တွင် RBE ရထားဖြင့် ရန်ကုန် – ပြည်ရထားလမ်းပိုင်းတစ်လျှောက် မိုင်နှုန်းမြင့်ပြေးဆွဲနိုင်ရေး ရထားလမ်းကြံ့ခိုင်မှုများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် လက်ပံတန်းဘူတာသို့ရောက်ရှိပြီး မြန်မာ့မီးရထား ပထမဆုံးစတင်ပြေးဆွဲစဉ်ကတည်းက တည်ဆောက်ခဲ့သော ၁၄၉ နှစ်ကျော်သက်တမ်းရှိသည့် ရှေးဟောင်းဘူတာတစ်ခုဖြစ်၍ ရှေးမူမပျက် ပြန်လည်ပြုပြင်မှုများဆောင်ရွက်ရန်နှင့် တန်ဖိုးထားထိန်းသိမ်းဆောင်ရွက်ရန် မှာကြားပြီး မြန်မာ့မီးရထားဆေးပေးခန်းနှင့် လက်ပံတန်းစက်ခေါင်းရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် တောင်တွင်းကြီးမြို့နယ် ပြည်–အောင်လံ–ဆတ်သွား–ပုဂံရထားလမ်းပိုင်း၊ ပရပ်ကြယ်နှင့် ဆတ်သွားဘူတာအကြား အရှည်ပေ ၄၀၀ ရှိ တံတားအမှတ် (၃၄၃) ရန်ပယ်ချောင်း တံတားပြန်လည်ပြုပြင်တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိပြီး အဆိုပါတံတားသည် ရန်ကုန်–ပြည်–ပုဂံလမ်းပိုင်း၌ အဓိကအရေးပါသည့်တံတားဖြစ်၍ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်၊ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ဘိုးပိုင်တူးခြင်းလုပ်ငန်းနှင့် တံတားပြန်လည်ပြုပြင်ခြင်းလုပ်ငန်း အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်(ခရိုင်ရုံး) ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒီဇယ်စက်ခေါင်းရုံ(ပြည်)၊ ပြည်ဘူတာနှင့် ဘူတာပန်းခြံသို့ ရောက်ရှိပြီး ပန်းခြံနှင့်ဘူတာ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်၊ ပန်းခြံအတွင်း အလှပြရေန္တွေးငွေ့ စက်ခေါင်းများထားရှိပြီး ပန်းအလှပင်များ စိုက်ပျိုးထားရှိရန်နှင့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး ဆောင်ရွက်ရန် မှာကြား၍ ပြည်ဘူတာမှ RBE ရထားဖြင့် ထွက်ခွာကာ ပြည်–ရန်ကုန် လမ်းပိုင်းတစ်လျှောက်ရှိ ဘူတာများ၊ တံတားများ၊ ရထားလမ်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သာယာဝတီဘူတာသို့ရောက်ရှိပြီး သာယာဝတီဘူတာသည် ၁၄၉ နှစ်ကျော် သက်တမ်းရှိသည့် ရှေးဟောင်းအမွေအနှစ် ဘူတာတစ်ခုဖြစ်၍ ရှေးမူမပျက် ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ သနပ်ချောင်းဘူတာသို့ရောက်ရှိကာ ရထားလမ်းများ အဆင့်မြှင့်တင်နိုင်ရေး၊ အရှည် ၃၉ ပေရှိသော သံလမ်းများအား Flash Butt Welding Machine ဖြင့် ကိုးချောင်းဆက်ခြင်း လုပ်ငန်းနှင့် ဂဟေဆက်ပြီး သံလမ်းများကို Ultrasonic Rail Flaw Detector ဖြင့် သံလမ်းဆက် အရည်အသွေးအား စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေသော ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာန သစ်လွင်သူနာပြု ၁၄၅၂ ဦးအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂

ကျန်းမာရေးဝန်ကြီးဌာန၏ သစ်လွင်သူနာပြုများအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ နေပြည်တော်၌ Virtual စနစ်ဖြင့် ကျင်းပသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်က သင်တန်းဆင်းမည့် သစ်လွင်သူနာပြု၊ သားဖွားများကို တာဝန်ကျရာ ဒေသအသီးသီးတွင် သူနာပြုနှင့် သားဖွားများတတ်မြောက်ရမည့် သူနာပြုစုမှုဆိုင်ရာ စွမ်းရည်များကို ပို၍တတ်မြောက်ကျွမ်းကျင်အောင် ဆက်လက်လေ့လာဆည်းပူးခြင်း၊ သူနာပြုစုမှုစံသတ်မှတ်ချက်များအတိုင်း လူနာများလုံခြုံစိတ်ချမှုဖြစ်စေပြီး စိတ်ကျေနပ်မှုရရှိစေရေး ပြုစုပေးကြပါရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သစ်လွင်သူနာပြု ၁၄၅၂ ဦး ကိုယ်စား သူနာပြုသိပ္ပံ(နေပြည်တော်)၊ သားဖွားသင်တန်းကျောင်း(နေပြည်တော်)၊ သူနာပြုသိပ္ပံ(မန္တလေး)နှင့် သူနာပြုသင်တန်းကျောင်း(မိတ္ထီလာ)တို့မှ ကိုယ်စားလှယ် သစ်လွင်သူနာပြုများထံ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာများ ပေးအပ်ပြီး သစ်လွင်သူနာပြုများကိုယ်စား သစ်လွင်သူနာပြု တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ သူနာပြုသိပ္ပံနှင့် သူနာပြုသင်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် သစ်လွင်သူနာပြုများသည် အွန်လိုင်းမှ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သူနာပြုသိပ္ပံ(ပုသိမ်)၏ ဒသမအကြိမ် သူနာပြု-သားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းခြင်း အခမ်းအနားကျင်းပ

ပုသိမ် ဇွန် ၂

သူနာပြုသိပ္ပံ(ပုသိမ်)၏ ဒသမအကြိမ် သူနာပြု–သားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့အခမ်းအနားတွင် သူနာပြုသိပ္ပံ(ပုသိမ်)မှ သစ်လွင်သူနာပြု ၆၁ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့တာဝန်ကျသည့် နေရာဒေသတွင် ပြည်သူများအပေါ် စေတနာအရင်းခံထားပြီး နွေးထွေးစွာပြုစုစောင့်ရှောက်ပေးကြရန်လိုကြောင်း၊ ပြည်သူကို ဗဟိုပြုသော ကျန်းမာရေးစနစ်ကို အောင်မြင်အောင် ဖော်ဆောင်ရန် သူနာပြု–သားဖွားများသည် အရေးကြီးသကဲ့သို့ သူနာပြု–သားဖွားများကိုယ်တိုင် အရည်အသွေးပြည့်မီအောင်၊ ကိုယ်ရည်ကိုယ်သွေးထက်မြက်ထူးချွန်အောင် သင်ယူလေ့ကျင့်ကြရန်လိုကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် မြောင်းမြမြို့ သူနာပြုသင်တန်းကျောင်း၌ ကျင်းပသည့် တတိယအကြိမ် သူနာပြု–သားဖွားဒီပလိုမာအပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက် ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# သထုံမြို့နယ်၌ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေး



သထုံ ဇွန် ၂

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြည်တွင်းအခွန်များ ဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အသိပညာပေးရှင်းလင်းရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်နိုင်က သထုံမြို့နယ်အတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များအား ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်အတွက် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်တို့ကို အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

❒ ကျော်ဖုံးမှ

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းရေးတို့အတွက် ရှေ့တန်းစစ်မျက်နှာများတွင် အသက်ကို ပဓာနမထားဘဲ စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးစွပ်များဖြင့် လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



**စစ်တွေ ဇွန် ၂**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့နယ်ရှိ အခြေခံပညာ မူလတန်းကျောင်း (ဥယျာဉ်သာ)၊ အမှတ်(၉)အခြေခံပညာ အလယ်တန်းကျောင်း နာရီကန်ကျေးရွာ၊ အခြေခံပညာ မူလတန်းကျောင်းနှင့် အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်း (သက္ကေပြင်ကုန်း)တို့၌ ကျောင်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ စာသင်ခန်းများအားလုံး အမိုးအကာလုံခြုံရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာ သင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် မောင်နီပြင်ကျေးရွာကျေးလက် ကျန်းမာရေးဌာနခွဲ၊ သက္ကေပြင်ကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံ၊ ဒါးပိုင်ကျေးရွာ ကျေးလက် ကျန်းမာရေးဌာနတို့၌ ကိုယ်ဝန်ဆောင် မိခင်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးနေမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့်ကျန်းမာရေးအသိပညာပေးဟောပြောနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဇောပူဂျာ- မောင်နီပြင် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ယာယီသံပေါင်ဘေလီတံတား ကြံ့ခိုင်မှုအခြေအနေ၊ နာရီကန်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရွေးချယ်သတ်မှတ်ထားသည့် မြေနေရာ၊ သင်္ဂနက် ကျေးရွာသွားလမ်းဖောက်လုပ်မည့်နေရာနှင့် စစ်တွေမျိုးသန့်ခြံ၌ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန် နေရာများ သတ်မှတ် ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# သထုံမြို့နယ်၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်နေမှု တာဝန်ရှိသူများ ကြည့်ရှု

**သထုံ ဇွန် ၂**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများဖွင့်လှစ်နေမှုကို ယနေ့နံနက်ပိုင်းက ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုကြသည်။

သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်၊ ခရိုင်ပညာရေးမှူး ဦးခဲမိုင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် တာဝန်ရှိသူများက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သထုံမြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးနေမှု၊ သထုံမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု၊ စာသင်ခန်းများ၊ ကျောင်းဝန်းကျင် သန့်ရှင်းသပ်ရပ်ရေးတို့ကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှု သွားရောက်ကြည့်ရှုအားပေး



**မကွေး ဇွန် ၂**

၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် မကွေးတိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာကျောင်းများ ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာ သင်ကြားလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများ သတ်မှတ်အတန်းများအလိုက် စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှု၊ ဆရာ ဆရာမများ၏ သင်ကြားပြသပေးနေမှု၊ ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ စုံလင်စွာ ထောက်ပံ့ပေးအပ်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးကာ ကျောင်းများအတွက် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မကွေးတိုင်းဒေသကြီးတွင် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၄၄၁၆ ကျောင်းတို့ ဖွင့်လှစ်လျက်ရှိပြီး ယနေ့တွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၈၄၁၈၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

# မိုင်းနောင်မြို့၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**မိုင်းနောင် ဇွန် ၂**

ရှမ်းပြည်နယ်( တောင်ပိုင်း) မိုင်းနောင်မြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုကာ အခမ်းအနားကိုဖွင့်လှစ်သည်။ ဆက်လက်၍ မိုင်းနောင်တပ်နယ်မှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့အုပ်ချုပ်ရေးမှူး ဦးစည်သူထွန်းက မိုင်းနောင်မြို့အတွင်းရှိ ကျောင်းနေအရွယ်ကလေးများအားလုံး စာသင်ကျောင်းသို့ရောက်ရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကျေးသီးမြို့နယ် ပညာရေးမှူး ဒေါ်ဥမ္မာဆွေက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်းဆောင်ရွက်မည့် သင်ကြားရေးအစီအမံများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျောင်းအပ်နှံရေးအခမ်းအနားတွင် မိုင်းနောင်မြို့ အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ ပေးအပ်သောအခမဲ့ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မူဆယ်မြို့၌ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်

**မူဆယ် ဇွန် ၂**

၂၀၂၆ -၂၀၂၇ ပညာသင်နှစ်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့အတွင်းရှိ အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ပြီးဖြစ်သည်။



**တက်ရောက်**

မူဆယ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ အထက်တန်း ကျောင်း(ခွဲ)၊ အလယ်တန်း ကျောင်းများ၊ မူလတန်း(လွန်)ကျောင်းများ၊ မူလတန်းကျောင်းများ စုစုပေါင်း ၂၆ ကျောင်းနှင့် ကိုယ်ပိုင်အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ စုစုပေါင်း ၂၈ ကျောင်းတို့သည် ဇွန် ၁ ရက်နံနက် ၉ နာရီမှစ၍ တစ်ချိန်တည်း ဖွင့်လှစ်ပြီး သင်ခန်းစာများ စတင် သင်ကြားနေပြီဖြစ်ရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပေါင်မြို့နယ် အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြား

**ပေါင် ဇွန် ၂**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်မှ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မြင့်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်အေးနှင့် တာဝန်ရှိသူများက အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုသည်။

ထိုသို့ ကြည့်ရှုရာတွင် ပေါင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စာသင်ကျောင်းဆောင်များတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြပြီး ကျောင်းဝင်းအတွင်း သန့်ရှင်း သာယာလှပရေးနှင့် ကျောင်းဥပမိရပ် ခံ့ထည်ရေး ဆောင်ရွက် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



**မွန်မလေး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်လုံးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂

မြန်မာနိုင်ငံ အစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ် စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့အနီး ဝမ်လုံးကျေးရွာရှိ စဝ်နွံ့(ခ)စဝ်နွံ့လင်း ပိုင်ဆိုင်သည့် အိမ်အမှတ်(ဝလ-၀၀၁) နေအိမ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ဆောင်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးပူးပေါင်းအဖွဲ့က သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ မြန်မာနိုင်ငံသားအမျိုးသား ၁၉ ဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၃၁ ဦးတို့အား Destop ၅၈ လုံး၊ System ပုံး အလုံး ၆၀၊ ဖုန်းမျိုးစုံ အလုံး ၆၀၊ စားပွဲ အလုံး၂၀၊ ထိုင်ခုံ ၅၄ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။




ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်လုံးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့်နေရာပြပုံ။



တာချီလိတ်မြို့ ဝမ်လုံးကျေးရွာ၌ အွန်လိုင်းငွေလိမ်လည်လုပ်ငန်းလုပ်ကိုင်သည့် မြန်မာနိုင်ငံသား ၃၁ ဦးနှင့်အတူ ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရေးမြို့နယ်၌ တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးနှင့် ထင်းအစားထိုး စွမ်းအားမြင့်မီးဖိုများ တိုးချဲ့သုံးစွဲရေး အသိပညာပေးဟောပြော

ရေး ဇွန် ၂

မွန်ပြည်နယ်၊ ရေးမြို့နယ် သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ တရားမဝင် သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးနှင့် ထင်းအစားထိုး စွမ်းအားမြင့်မီးဖိုများ တိုးချဲ့သုံးစွဲရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဇီးဖြူသောင်ကျေးရွာ ရတနာအောင်မြေကျောင်းတိုက် ဓမ္မာရုံ၌ ဆောင်ရွက်သည်။



ဟောပြောပွဲတွင် ရေးမြို့နယ် အရာရှိ ဦးရွှေနိုင်က သဘာဝ သစ်တောဦးစီးဌာနမှူး ဦးစီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများ၊ သစ်တောထိန်းသိမ်းရေးဆိုင်ရာများ၊ ရာသီဥတုပြောင်းလဲလာမှုကြောင့် သစ်တော၊ သစ်ပင်များ၏ ဂေဟစနစ်ပျက်စီးပြုန်းတီးမှု မဖြစ်ပေါ်စေရန် ကာကွယ်ထိန်းသိမ်းရမည့် အချက်များ၊ တရားမဝင် သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးနှင့် ထင်းအစားထိုး စွမ်းအားမြင့်မီးဖိုများ တိုးချဲ့သုံးစွဲရေးတို့ကို ဟောပြောပေးပြီး ကျေးရွာပြည်သူများက သိရှိလိုသည့်အချက်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**



## ခရမ်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

ခရမ်း ဇွန် ၂

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်တွင် အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ရဲက အမှာစကားပြောကြားသည်။ ထို့နောက် ခရမ်းမြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဦးထွန်းကျော်က အခွန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို အခွန်ထမ်းပြည်သူများ ပိုမိုသိရှိနိုင်ရေး အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အိမ်မဲမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

မြောင်းမြ ဇွန် ၂

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကညင်ကွင်းကျေးရွာအုပ်စု ဝါးရုံစုကျေးရွာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကိုနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။



အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းသည် ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများကို ရာသီမရွေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၆ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁ ရက်က ပေါင်းတည်မြို့နယ် တောင်ဘို့လှကျေးရွာ အထက(ခွဲ)ကျောင်းဝင်းအတွင်း၌ ကျင်းပရာ တက်ရောက်လာကြသူများက ကျွန်း၊ ကံ့ကော်၊ ငုရွှေဝါ၊ စိန်ပန်းကြီး၊ မည်စည်၊ ရေတမာပျိုးပင်စုစုပေါင်း ၃၅၀ အား စုပေါင်းစိုက်ပျိုးစဉ်။ မြို့နယ်(ပြန်/ဆက်)

**ပညာ ရွှေအိုး**
**လူမခိုး**

**ပညာ ရဲရင့်**
**ပွဲလယ်တင့်**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး တရားမဝင်အဆောက်အအုံ ၂၇ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇွန် ၂**

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးအတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ် လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၂၇ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ အလုံး ၅၀ ကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

## မြဝတီမြို့၌ စက်လှေမောင်းသင်တန်း ဖွင့်လှစ်

**မြဝတီ ဇွန် ၂**

ကရင်ပြည်နယ် မြဝတီမြို့တွင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကျွမ်းကျင်ပိုင်နိုင်စွာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်နှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် အထောက်အကူ ပြုစေရန် ရည်ရွယ်၍ ယမန်နေ့မွန်းလွဲ ၁ နာရီက မြို့နယ် အရန်မီးသတ်တပ်ဖွဲ့စခန်း၌ စက်လှေမောင်းသင်တန်း (၁/၂၀၂၆)ကို ဖွင့်လှစ်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်က အမှာစကားပြောကြားပြီး မြဝတီခရိုင် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးဖြိုးမင်းဇော်က စက်လှေမောင်းသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

**ဖွင့်လှစ်**

အဆိုပါသင်တန်းကို ဇွန် ၁ ရက်မှ ၅ ရက်အထိ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသား ၄၀ တက်ရောက် သင်ကြားကြကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ (ပြန်/ဆက်)**



ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းကို ဇွန် ၁ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်စခန်း၌ ဖွင့်လှစ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်နှင့် တာဝန်ရှိသူများ လက်တွေ့ မီးငြိမ်းသတ်နည်း သရုပ်ပြသင်ကြားစဉ်။

ရဲကိုမောင် (ပြန် /ဆက်)

## ပိုင်းမော်မြို့နယ်၌ တောင်သူ အသိပညာပေး ဆွေးနွေး

**ပိုင်းမော် ဇွန် ၂**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ပိုင်းမော်မြို့နယ်၌ သီးနှံ အထွက်နှုန်းတိုးမြှင့်စေရန် တောင်သူအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ပိုင်းမော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။



ဦးစွာ ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးဝင်းက အမှာစကားပြောကြားပြီး ပိုင်းမော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းနိုင်ဦးက အသိပညာပေး ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

**မေးမြန်းဆွေးနွေး**

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမင်းဆွေက စပါးမျိုးစေ့မျိုးကောင်းမျိုးသန့်စိုက်ပျိုးနည်း၊ ခရိုင်တာဝန်ခံက သဘာဝမြေဩဇာသုံးနည်း၊ ခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံက ပိုးမွှားကာကွယ်ရေးနည်းလမ်းများ၊ ခရိုင်မျိုးစေ့တာဝန်ခံက မျိုးစေ့မျိုးကောင်းရွေးချယ်နည်းအကြောင်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တောင်သူ ၆၀ က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ဖြူစင်**



ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ပြည်အေးခန်းမ၌ ဇွန် ၁ ရက်က သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံသင်တန်း (၁/၂၀၂၆) ကို ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းရောထိုက်က အမှာစကားပြောကြားစဉ်။ မိုးဟိန်းထက်

## သန်လျင်မြို့နယ်၌ ထရန်စဖော်မာ ဓာတ်အားလွှတ်အခမ်းအနား ကျင်းပ

**သန်လျင် ဇွန် ၂**

ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း သန်လျင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဆောင်ရွက်သော 11-6.6/0.4KV 200 KVA ထရန် စဖော်မာတစ်လုံး၊ H.T လိုင်း ပေ ၅၀၀၊ LT ဓာတ်အားလိုင်း ပေ ၅၀၀ တည်ဆောက်ပြီးစီး၍ ဓာတ်အားပို့လွှတ်ခြင်းကို ယမန်နေ့က သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု ဘုရားငါးဆူကျောင်းလမ်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် သန်လျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်မျိုးအောင်၊ သန်လျင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်၊ သန်လျင်မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးသက်နိုင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါဓာတ်အားပို့လွှတ်နိုင်မှုကြောင့် ယခင်ဗို့အားကျဆင်း၍ ဓာတ်အားပြည့်ဝစွာ အသုံးမပြုနိုင်သော မီးသုံးစွဲသူ ကျေးရွာပြည်သူ ၁၈၀ ခန့် ဓာတ်အားပြည့်ဝစွာအသုံးပြုလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

**❍ အွန်လိုင်းလိမ်လည်မှုမှ**
မြန်မာ-ထိုင်းနယ်စပ်ဒေသများတွင် အခြေပြုလုပ်ကိုင်ခဲ့ကြခြင်းဖြစ်ပြီး အဆိုပါအွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်သော (National Security Threat) ရာဇဝတ်မှုခင်းများဖြစ်သည့်အပြင် ယင်းရာဇဝတ်မှုများသည် လူအများစုအပေါ် ကျူးလွန်သော ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားပြီး ထွက်ပေါ်လာသောရလဒ်နှင့် ဆိုးကျိုးများကို နိုင်ငံအသီးသီးက ပြင်းထန်စွာခံစားနေရသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး ထိုသို့ တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားများ ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အများဆုံးဖမ်းဆီးရမိခဲ့ပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၈ ရက်အထိ မြန်မာနိုင်ငံ နယ်စပ်ဒေသများအတွင်းသို့တရားမဝင်ဝင်ရောက်၍အွန်လိုင်းလိမ်လည်မှုပြုလုပ်ခြင်း၊ ကာစီနိုကစားဝိုင်းများ ပြုလုပ်ခြင်း၊ အနိုပ်ခန်းနှင့် တရားမဝင် ပြည့်တန်ဆာလုပ်ငန်းများ ပြုလုပ်ခြင်းနှင့် စားသောက်ဆိုင်လုပ်ငန်းများ ပြုလုပ်ဆောင်ရွက်သူများစသည့် အထောက်ထားမဲ့ဝင်ရောက်လာသူ တရားမဝင်နိုင်ငံခြားသား ၇၂၆၁၉ ဦးတို့အား ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့ကို လူသားချင်းစာနာထောက်ထားမှုနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတို့အား ရှေးရှုကာ ပြည်တွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းမပြုဘဲ သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့သည်။

ထိုသို့လွှဲပြောင်းခဲ့ရာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၈ ရက်အထိ ရှမ်းပြည်နယ်အတွင်း၌ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများ အပါအဝင် တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား ၅၆၉၁၈ ဦးတို့အား မုံးအတံတား၊ ရန်လုံကျိုင်းဂိတ်၊ ဘီပီ-၅၈၊ ဘီပီ-၁၂၅၊ နန့်ဖာဟော်ဂိတ်၊ မန်းဝိန်းဂိတ်၊ ပန်ဝိုင်မြို့ ရုံဟယ်ဂိတ်၊ တာလေ့ဂိတ်၊ ဘီပီ-၂၄၀၊ မယ်ဆိုင်ဂိတ်၊ တာချီလိတ် အမှတ်(၁) တံတား၊ တာချီလိတ်အမှတ်(၂)တံတား၊ လာအိုနိုင်ငံ မိုင်းမောဆိပ်ကမ်းနှင့် ဝမ်ပုံဆိပ်ကမ်းတို့မှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး တရားမဝင်အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်ခဲ့သော နိုင်ငံခြားသားများအား ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှစတင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးထိန်းသိမ်း/လွှဲပြောင်းခဲ့မှုများဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် မေ ၂၆ ရက်အထိ တရားမဝင် နိုင်ငံခြားသား ၁၄၆၈၅ ဦးအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ၁၃၅၂၀ ဦးအား



၁၆-၆-၂၀၂၅ ရက်တွင် ရှမ်းပြည်နယ် မူဆယ်မြို့နယ်၌ တရားမဝင် အွန်လိုင်းငွေကြေးလိမ်လည်လုပ်ငန်းလုပ်ကိုင်သူ မြန်မာနိုင်ငံသား ၉၇ ဦးနှင့် တရုတ်နိုင်ငံသား ၄၁ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့သဖြင့် လွှဲပြောင်းရန် ၁၁၆၄ ဦးကျန်ရှိသည်။

အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတို့တွင် ပါဝင်ပတ်သက်ကျူးလွန်နေကြသည့် မြန်မာနိုင်ငံသားများအပါအဝင် နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီး၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ အမှုပေါင်း ၁၅ မှုမှ မြန်မာနိုင်ငံသား ကျား ၄၉ ဦး၊ မ ၆၃ ဦး နိုင်ငံခြားသား ကျား ခုနစ်ဦးတို့အားလည်းကောင်း။

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ အမှုပေါင်း ၆၆ မှုမှ မြန်မာနိုင်ငံသား ကျား ၄၃၁ ဦး၊ မ ၃၂၇ ဦး၊ နိုင်ငံခြားသား ကျား ၇၆၁ ဦး၊ မ ၂၆ ဦးတို့အားလည်းကောင်း။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ အမှုပေါင်း ၄၁ မှုမှ မြန်မာနိုင်ငံသား ကျား ၂၃၂ ဦး၊ မ ၁၈၀၊ နိုင်ငံခြားသား ကျား ၃၇၀၊ မ ၂၀ တို့အားလည်းကောင်း။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၂၈ ရက်အထိ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ အမှုပေါင်း ၂၃ မှုမှ မြန်မာနိုင်ငံသား ကျား ၂၁၄ ဦး၊ မ ၂၄၄ ဦး၊ နိုင်ငံခြားသား ကျား ၄၄၇ ဦး၊ မ ၆၂ ဦးတို့အား လည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၈ ရက်အထိ ကာလအတွင်း အမှုပေါင်း ၁၄၅ မှုမှ မြန်မာနိုင်ငံသား ကျား ၉၂၆ ဦး၊ မ ၈၁၄ ဦး၊ ပေါင်း ၁၇၄၀၊ နိုင်ငံခြားသား ကျား ၁၅၈၅ ဦး၊ မ ၁၀၈ ဦး၊ ပေါင်း ၁၆၉၃ ဦး စုစုပေါင်း ၃၄၃၃ ဦးတို့အား ဖော်ထုတ်ဖမ်းဆီး၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် နယ်မြေလုံခြုံရေး လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း အွန်လိုင်းလောင်းကစားပြုလုပ်သည့်အဆောက်အအုံများအား အများဆုံးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများအား ဥပဒေနှင့်အညီ ဖောက်ခွဲဖျက်ဆီးခြင်း၊ စက်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အတွင်း တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံ ၃၀၈ လုံး၊ ကရင်ပြည်နယ်အတွင်း ၇၈၂ လုံး စုစုပေါင်း ၁၀၉၀ ရှိပြီး အဆိုပါအဆောက်အအုံများအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၈ ရက်အထိ ဖျက်ဆီးခဲ့ရာ ၉၆၂ လုံး ဖျက်ဆီးပြီးဖြစ်၍ ကရင်ပြည်နယ်အတွင်း ကျန်ရှိသည့် အဆောက်အအုံ ၁၂၈ လုံးအား ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်သည်။

ရှမ်းပြည်နယ်အတွင်း မိုင်းရယ်၊ တန့်ယန်း၊ မိုင်းနောင်၊ ကွန်ဟိန်း၊ ကျေးသီး၊ လဲချား၊ ကာလိ၊ မိုင်းပေါက်၊ မိုင်းကိုင်၊ နမ့်ဆန်၊ မူဆယ်၊ တာချီလိတ်၊ မက်မန်း၊ မိုင်းခတ်နှင့် မိုင်းရှူးမြို့နယ် စုစုပေါင်း မြို့နယ် ၁၆ မြို့နယ်အတွင်းမှ တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်သည့် အဆောက်အအုံ ၃၀၈



ကရင်ပြည်နယ် မြဝတီမြို့နယ်၌ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတွင် အသုံးပြုသည့် အဆောက်အအုံများအား ဖြိုချဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

လုံးအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၈ ရက်အထိ ဖျက်ဆီးခဲ့ပြီးဖြစ်သည်။

အလားတူ ကရင်ပြည်နယ် မြဝတီမြို့နယ် KK Park အတွင်း၌ တရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အအုံ ၆၃၄ လုံးအား ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၈ ရက်အထိ အပိုင်းသုံးပိုင်းခွဲ၍ ဖောက်ခွဲဖျက်ဆီး ခြင်းနှင့် စက်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီး ခြင်းများ ဆောင်ရွက်ခဲ့ရာ အပိုင်း(၁)တွင် အဆောက်အအုံ ၁၄၇ လုံးအား ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၁၉ ရက်အထိလည်းကောင်း၊ အပိုင်း(၂)တွင် အဆောက်အအုံ ၆၂ လုံးအား ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၈ ရက်အထိလည်းကောင်း၊ အပိုင်း(၃)တွင် အဆောက်အအုံ ၄၂၅ လုံးအား ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိလည်းကောင်း ဖျက်ဆီးခဲ့သည်။

ထို့အတူ မြဝတီမြို့နယ် ရွှေကုက္ကိုလ်ကျေးရွာ၌ အွန်လိုင်းလောင်းကစားလုပ်ကိုင်ရန် တရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အအုံ ၇၇ လုံးရှိပြီး အဆိုပါအဆောက်အအုံများအား စနစ်တကျဖျက်ဆီးခဲ့ရာ ၂၀၂၆ ခုနှစ် ဇွန် ၂ ရက်အထိ အဆောက်အအုံ ၂၇ လုံး ဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့် အဆောက်အအုံ ၅၀ အား ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်သည်။

အလားတူ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ စတင်၍ ရွှေကုက္ကိုလ်မြိုင်ကျေးရွာ ပတ်ဝန်းကျင်ရှိ လုပ်ငန်းဆိုက်များမှ စစ်ဆေးတွေ့ရှိခဲ့သည့် ကွန်ပျူတာ/မော်နီတာ အလုံး ၃၃၁၀၊ မိုဘိုင်းဖုန်းဟန်းဆက် ၂၁၈၇၀၊ Starlink စက် ၁၀၂ လုံး၊ ကာစီနို လောင်းကစားခုံ၊ Router ၂၂ လုံးတို့နှင့် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် မြဝတီ-မဲ့ထော်သလေးသွားကားလမ်းဘေးရှိ 69 KTV ခြံဝင်းအတွင်းမှ သိမ်းဆည်းရရှိခဲ့သည့် ကွန်ပျူတာ ၈၂ လုံး၊ မိုဘိုင်းဖုန်း ၉၂ လုံးတို့အား ဖျက်ဆီးရှင်းလင်းနိုင်ခဲ့သည်။

အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကြောင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် ထိခိုက်နစ်နာမှုများဖြစ်ပေါ်လျက်ရှိသဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကိုဆိုက်ဘာလုံခြုံရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ယင်းတို့နှင့်ဆက်စပ်ဖြစ်ပွားသော လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ အဓမ္မလုပ်အားခိုင်းစေမှု၊ ငွေကြေးခဝါချမှုများကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိကာ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းကိုလည်း ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ၂၀၂၆ ခုနှစ် မေ ၁၄ ရက်တွင် ထုတ်ပြန်ထားခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လင်းခေးမြို့နယ်၌ သဘာဝရေထွက်ရေထိန်းတောဧရိယာအဖြစ် ကွင်းဆင်းသတ်မှတ်

**လင်းခေး ဇွန် ၂**

လင်းခေးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၉ ခုနှစ် ရှမ်းပြည်နယ် သဘာဝရေထွက်ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးဥပဒေအရ လင်းခေးမြို့နယ် နောင်လုံကျေးရွာအနီးရှိ (နောင်လုံ) သဘာဝရေထွက်တော ၆၆ ဧကနှင့် ကြားခံနယ်မြေတို့အား သဘာဝရေထွက်တောရေထိန်းတောဧရိယာအဖြစ် ကွင်းဆင်းသတ်မှတ်ပြီးစီးခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မျိုးနိုင်တို့က အဆိုပါရေထွက်ရေထိန်းတောနှင့်ပတ်သက်သည့် ဥပဒေပါတားမြစ်ချက်များကို ဒေသခံပြည်သူများသိရှိစေရန် ရေထွက်တောဧရိယာတွင် သတိပေးတားမြစ်ချက်ဆိုင်းဘုတ်အနီးနှင့် တည်နေရာ/ဧရိယာပြမြေပုံပိုစတာများစိုက်ထူခြင်း၊ ရေထွက်ရေထိန်းတော ဥပဒေဆိုင်ရာ အကြောင်းအသိပညာပေးဟောပြောခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**




# ၂၀၂၆ ခုနှစ် မေလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia–EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)


၂၀၂၆ ခုနှစ် မေလအတွင်း စခန်း ၃၁ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနက စံသတ်မှတ်ထားသည့်သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့သည်။ (ပုံ-၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ် မေလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိပါကြောင်း တွေ့ရှိရသည်။



ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန



ပုံ(၂)၊ ၂၀၂၆ ခုနှစ် မေလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ။

၂၀၂၆ ခုနှစ် မေလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၇ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၉ |
| ၃ | ခန္တီး | ၇.၁ |
| ၄ | လားရှိုး | ၆.၉ |
| ၅ | တောင်ကြီး | ၇.၂ |
| ၆ | မိုင်းဆတ် | ၆.၈ |
| ၇ | ကျိုင်းတုံ | ၆.၆ |
| ၈ | စစ်ကိုင်း | ၆.၆ |
| ၉ | ညောင်ဦး | ၆.၅ |
| ၁၀ | မုံရွာ | ၆.၅ |
| ၁၁ | ပျဉ်းမနား | ၇.၁ |
| ၁၂ | ပြင်ဦးလွင် | ၇.၁ |
| ၁၃ | ကလေးဝ | ၇.၂ |
| ၁၄ | ရန်ကုန်(ကမ္ဘာအေး) | ၆.၉ |
| ၁၅ | မှော်ဘီ | ၇.၁ |
| ၁၆ | မကွေး | ၆.၉ |
| ၁၇ | အောင်လံ | ၆.၉ |
| ၁၈ | လွိုင်ကော် | ၆.၈ |
| ၁၉ | စစ်တွေ | ၆.၇ |
| ၂၀ | ပြည် | ၆.၇ |
| ၂၁ | ပဲခူး | ၇.၂ |
| ၂၂ | တောင်ငူ | ၆.၈ |
| ၂၃ | ပုသိမ် | ၇.၀ |
| ၂၄ | မအူပင် | ၆.၅ |
| ၂၅ | ဟသ်ာတ | ၇.၁ |
| ၂၆ | မော်လမြိုင် | ၇.၀ |
| ၂၇ | ဘီးလင်း | ၆.၇ |
| ၂၈ | ဘားအံ | ၆.၉ |
| ၂၉ | ထားဝယ် | ၆.၅ |
| ၃၀ | မြိတ် | ၆.၆ |
| ၃၁ | ကော့သောင်း | ၆.၆ |



## ကျုံပျော်မြို့နယ်၌ အခြေခံမီးသတ်သင်တန်း ဖွင့်လှစ်

ကျုံပျော် ဇွန် ၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မီးသတ်ဦးစီးဌာနက ဦးဆောင်ကာ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း (၂/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ကျုံပျော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်စိန်ဘွင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

သင်တန်း၏ ရည်ရွယ်ချက်မှာ တပ်ဖွဲ့ဝင်များ၏ စွမ်းရည်များပြည့်ဝစေရန်၊ စက်ရုံ၊ အလုပ်ရုံ၊ ဈေးနှင့် စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်ဖြစ်ပြီး သင်တန်းသား ၃၅ ဦးအား ငါးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

## နတ်မောက်မြို့နယ်၌ ဆီထွက်သီးနှံမျိုးစေ့များ ပေးအပ်

နတ်မောက် ဇွန် ၂

မကွေးတိုင်းဒေသကြီး ဆီထွက်သီးနှံအထူးဇုန်နှင့် နတ်မောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံမျိုးစေ့များပေးအပ်ပွဲကို ယမန်နေ့တွင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ဦးစွာစိုက်ပျိုးရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ဆီထွက်သီးနှံအထူးဇုန်တာဝန်ခံ ဒုတိယတိုင်းဦးစီးမှူး ဦးငွေဆန်းက ဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းဒေသကြီး ရေအသုံးချရေးတာဝန်ခံ ဒေါ်သီတာဝင်းက ဓာတ်မြေဩဇာလျှော့ချသုံးစွဲ၍ သဘာဝမြေဩဇာပြောင်းလဲသုံးစွဲရေး နည်းလမ်းများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ချိုက အထွက်နှုန်းကောင်း ဆီထွက်သီးနှံမျိုးစေ့များ



မျိုးသန့်ပွားများ ထုတ်လုပ်၍ ဆီထွက်သီးနှံစိုက် တောင်သူအားလုံးအထွက်နှုန်းကောင်း မျိုးကောင်း၊ မျိုးသန့်ပြောင်းလဲစိုက်ပျိုးနိုင်ရေး နည်းလမ်းများကို ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက်တက်ရောက်လာကြသည့် တောင်သူများအား နှမ်း၊ နေကြာ၊ ဝါ၊ သစ်စိမ်းမြေဩဇာနှင့် ပိုက်ဆံလျှော်မျိုးစေ့များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

လှဝင်း

## လက်ပံတန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



လက်ပံတန်း ဇွန် ၂

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အထက (၁)၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဇာကျော် ဦးဆောင်၍ ဝန်ထမ်းများက အထက(၁) မှ အသက် ၁၀ နှစ်အထက် ကျောင်းသားကျောင်းသူ ၂၉၀ အား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တိုက်ကြီးမြို့နယ်တွင် သမဝါယမစနစ်ဖြင့် စနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇွန် ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနအနေဖြင့် တိုက်ကြီးမြို့နယ် ကရင်ကျွန်းချောင်းကျေးရွာရှိ ပွင့်သစ်စစိုက်ပျိုးရေး သမဝါယမအသင်းမှ အသင်းသား ၁၆ ဦး၏ စိုက်ဧက ၁၁၀ တွင် တစ်ဆက်တစ်စပ်တည်း စနစ်ကျသော စိုက်ပျိုးရေးဖော်ဆောင်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်နှင့် အဖွဲ့၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်စိုးနှင့် အဖွဲ့ဝင်များ၊ ပူးပေါင်းဆောင်ရွက်မည့်ကုမ္ပဏီမှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ ကွင်းဆင်းခဲ့ပြီး တောင်သူများနှင့် ကုမ္ပဏီပေါင်းစပ်၍ သမဝါယမစနစ်ဖြင့် စနစ်တကျ စိုက်ပျိုးရေးအကောင်အထည်ဖော်ဆောင်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အာကာ



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး
## မွန်ပြည်နယ်-မော်လမြိုင်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာငွေလုံး ငွေရင်းခွင့်ပြုရန်ပုံငွေ(BE)ဖြင့် ဒုတိယအကြိမ် ဆောင်ရွက်မည့် ပစ္စည်းဝယ်ယူရေးလုပ်ငန်း(Lot ၁၁ ခု)နှင့် ပထမအကြိမ် တင်ဒါယှဉ်ပြိုင်သူမရှိ၍ ထပ်မံတင်ဒါခေါ်ယူမည့် မြို့ပြနှင့် လျှပ်စစ်တင်ဒါလုပ်ငန်း (Lot ၃ ခု)၊ ပစ္စည်းဝယ်ယူရေးလုပ်ငန်း (Lot ၁ ခု) အတွက် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။

| | |
|---|---|
| တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - (၂-၆-၂၀၂၆)ရက်မှ (၁၅-၆-၂၀၂၆)ရက်အထိ |
| တင်ဒါတင်သွင်း ရမည့်ရက် | - (၁၆-၆-၂၀၂၆)ရက် (၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ) |
| တင်ဒါလျှောက်လွှာဝယ်ယူ/ တင်သွင်းရမည့်နေရာ | - မွန်ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့ |

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသည်များအား ရုံးချိန်အတွင်း လူကိုယ်တိုင် သော်လည်းကောင်း၊ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လည်းကောင်း တိုက်ရိုက်စုံစမ်း မေးမြန်းနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**မော်လမြိုင်မြို့**
**၀၉-၄၂၈၇၂၅၅၇၊ ၀၉-၄၅၅၄၅၄၄၂၊**
**၀၉-၄၄၈၇၇၆၃၁၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၇) ရပ်ကွက်၊ ဓမ္မသုခ (၂)လမ်း၊ မြို့မြေကွက်အမှတ်-ဒ-၆၃ /၂၅၂၇ ဟုခေါ်တွင်သော ဒေါ်အေးကျော့နု (ခ)ဒေါ်ကျော့ အမည်ပေါက် စည်ပင်ပါမစ်မြေအမျိုးအစားဖြစ်သည့် အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ မြေကွက်အား ဆက်စပ်စာချုပ်အရ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံ ကတိပြုသူ ဒေါ်သီတာ [၉/ပဥလ(နိုင်)၀၄၃၄၅၂]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အေးသိင်္ဂီသန့် [၉/မလန(နိုင်)၁၄၃၄၇၇]က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ) ပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထား (မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ချမ်းမြေ့လှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၈၉၂)**
**အမှတ်(၄၀၊ ၄၁ ဘီ)၊ ဘုရင့်နောင်လမ်းနှင့် အောင်သပြေလမ်းထောင့်၊**
**ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။ 09-444918144**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာလမ်းမကြီး၊ အမှတ်(၆၈)၊ စတုတ္ထထပ်နေ ဦးရဲမင်းသူ [၉/မထလ(နိုင်)၂၁၂၆၀၉]၏ ဇနီးဖြစ်သူ ဒေါ်ခင်ခင်ဦး [၁၂/လမန(နိုင်)၁၃၅၆၁၀]သည် ခင်ပွန်းနှင့် မိသားစုဝင်များသိရှိခြင်းမရှိဘဲ ငွေကြေးဆိုင်ရာ အရှုပ်အရှင်းကိစ္စရပ်များနှင့် မိသားစုဂုဏ်သိက္ခာကျဆင်းစေရန် ပြုမူဆောင်ရွက်ခြင်းကိစ္စရပ်များကို ဆောင်ရွက်ပြီး မိသားစုနှင့်အတူ နေထိုင်နေသည့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာလမ်းမကြီး၊ အမှတ်(၆၈)ရှိ နေအိမ်မှ ၎င်း၏သဘောဆန္ဒဖြင့် ဆင်းသွားခဲ့ပါသည်။ မိသားစု၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် စိတ်ဆင်းရဲစေသည့်ကိစ္စရပ်များကို ဆောင်ရွက်သည့် ဇနီးဖြစ်သူ ဒေါ်ခင်ခင်ဦးနှင့် ဦးရဲမင်းသူမှာ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီး ဖြစ်သည့်အတွက် ဒေါ်ခင်ခင်ဦး [၁၂/လမန(နိုင်)၁၃၅၆၁၀]နှင့် ပတ်သက်သည့် မည်သည့်ကိစ္စရပ်မဆို ခင်ပွန်းဖြစ်သူ ဦးရဲမင်းသူနှင့် မိသားစုများအနေဖြင့် လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲမင်းသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မြင့်ထွန်း LL.B,D.B.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၇၉၈) (၃၀-၁၁-၂၀၂၃)**
**အမှတ်(ဂ/၃၁၀)၊ နီလာ(၅)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၆၃၄၁၂၀၀၂၊ ၀၉-၄၀၈၉၃၅၂၀၂**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ မြေကွက်အမှတ်(၁၃/၃၅၈)၊ (အလျား ၄၀ ပေx အနံ ၆၀ ပေ)၊ ပါမစ် အမည်ပေါက် (ဗိုလ်ကြီးပေါ်သိန်း) မြေကွက်အနက်မှ (ခေါင်းရင်းခြမ်း)၊ (အလျား ၂၀ ပေ x အနံ ၆၀ ပေ)မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မိုးမိုးခိုင် [၁၄/ကလန(နိုင်)၁၇၂၉၁၁] က ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားကြောင်းနှင့် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းအိမ်မြေအရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဟန် (LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၄၃၁)**

| | |
|---|---|
| **ဒေါ်အိရွှေစင် (LL.B,DBL,DIL)** | **ဦးရဲမျိုးမင်းကျော် (LL.B,DBL,DIL)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၇၁၇)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၈၉၀၀)** |

**ရုံးခန်း-အမှတ်(၄၉၃)၊ ဝေဘာဂီလမ်း၊ (ဠ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၁၆၁၄၁၉၅**

## The Republic of The Union of Myanmar
## Ministry of Science and Technology
## Department of Biotechnology Research
## "International Open Tender"

Department of Biotechnology Research under the Ministry of Science and Technology invites open tender for the supply, delivery, installation and commissioning of laboratory equipment from qualified international suppliers/manufacturers to contract by US Dollar as follows:

Lot (1)

- Liquid Chromatography Mass Spectrophotometer/ Mass Spectrophotometer (LC-MS-MS)

**Lot (2)**

- Automatic Absorption Spectrophotometer (AAS)

| | | |
|---|---|---|
| Date and Time to Purchase Tender Forms | : | 1, June, 2026 to 15, June , 2026 (within office hours) |
| Last date for resubmission | : | 15, June , 2026 (within office hours) |
| Address to Purchase | : | Department of Biotechnology Research , Tasoe Road, Kyaukse District, Mandalay Region, Myanmar |
| For more information, please contact | : | +95-9-40267 5822 , +95-9-240 1379 |

**Tender Committee**
**Department of Biotechnology Research,**
**Kyaukse (Mandalay Region)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ မင်္ဂလာလမ်း၊ တိုက်အမှတ်(၅၇)၊ နှစ်ခန်းတွဲ၊ (၆)ထပ်တိုက်၏ (၇)လွှာ၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း အလျား ၁၅ ပေxအနံ ၅၀ ပေရှိ တိုက်ခန်း၊ ရေမော်တာ+လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခိုင်ခိုင်ထွန်း [၁၂/လသယ(နိုင်)၀၄၈၀၃၆] မှ ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တာဝန်ယူကြောင်း ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မွန်မွန်ခိုင် [၁၂/သကတ(နိုင်)၁၅၂၅၃၃]ကိုင်ဆောင်သူမှ ရောင်းချသည့်တန်ဖိုးဖြင့်ပင် ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းဝယ်ယူ မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်၊ ရက်သတ္တ(တစ်ပတ်)အတွင်း စာချုပ်စာတမ်း(မူရင်း)အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ် စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မွန်မွန်ခိုင် [၁၂/သကတ(နိုင်)၁၅၂၅၃၃]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၂၈၉၈/၄-၁၂-၁၉၈၄)**
**တိုက်(၉/၁၁)၊ အခန်း(၁၀၃)၊ ပထပ်(စီ)၊ ၃၆-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၀၂၂၈၉၂၊ ၀၉-၄၄၃၀၂၁၈၂၇**

## လင်မယားအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း
## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန် ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်(၅၃၆)၊ မှန်ခန်း(B)တွင် နေထိုင်ကြသော ဦးပြည့်ဖြိုးမောင် [၁၂/သဃက(နိုင်)၁၄၈၀၄၈]၏ ဇနီးဖြစ်သူ ဒေါ်သူဇာလွင် [၁၄/ဟသတ(နိုင်)၁၉၉၇၁၃]သည် နေအိမ်မှ ၁-၅-၂၀၂၆ နေ့ရက်တွင် ၎င်း၏သဘောဆန္ဒအရ ဆင်းသွားပါသဖြင့် တစ်ဦးနှင့်တစ်ဦး လုံးဝမသက်ဆိုင်တော့ပါ။ နောက်နောင် ဒေါ်သူဇာလွင်နှင့် ပတ်သက်၍ မည်သည့်ကိစ္စအဝဝတို့ကိုမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးမောင် [၁၂/သဃက(နိုင်)၁၄၈၀၄၈]**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၉

၁။ ဒေါ်မျိုးပပဝင်းဝေ နှင့် ဒေါ်ဟာလီမာ
၂။ ဦးအောင်ကျော်မြင့်
**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ သွေးသောက်လမ်း၊ အမှတ်(၂၅၈)နေ ဒေါ်ဟာလီမာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်စာချုပ်ပါအတိုင်း အိမ်ခြံမြေအား တရားဝင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စား ရုံးတော်အခွင့် အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ် ၊ ဇွန်လ ၁၅ ရက် (၁၃၈၈-ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေနှင်းသူ)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးငွေဝင်း၏ သား ဦးဇင်ဝင်းအေး [၃/ကဆက(နိုင်) ၀၅၁၇၉၁]၏ SIRB(73499), COC, SID ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-09-787773465**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက် ရပ်ကွက်၊ အကွက်အမှတ်(၅၆၅)၊ ဦးပိုင်အမှတ်(၇၇၊ ၇၈၊ ၇၉)၊ ၆၄x၈၅ လမ်းကြား၊ ၃၂x၃၃ လမ်းကြားရှိ ဒေါ်မေမေကြည် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးလှမြင့်ဦး၊ မိခင် ဒေါ်မေမေကြည်၊ သား ဦးအောင်ဖြိုးဦး (မိခင်ထက်စော၍ကွယ်လွန်)တို့ ကွယ်လွန်ကြ၍ ကျန်ရစ်သူသမီး၊ အမွေမမီမြေးများဖြစ်ကြသော ဒေါ်စုမြတ်ဦး [၉/ခအဇ(နိုင်) ၀၀၈၇၈၄]၊ ဒေါ်ရွှေရည်ဝင်း [၉/ခအဇ (နိုင်)၀၂၄၇၅၀]၊ မောင်ကျော်ဝဠာဘုန်းထက် [၉/ခအဇ(နိုင်)၀၇၇၆၃၇] တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၈)၊ ဦးပိုင်အမှတ်(၁၉)၊ ၄၆x၄၇ လမ်းကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဦးအောင်မောင်းအမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးအောင်မောင်း၊ မိခင် ဒေါ်သေးတို့ ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသောသားဖြစ်သူ ဦးစိုးဝင်း [၉/အမရ(နိုင်) ၀၈၄၇၈၄]က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု (ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေ)ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အတွင်းဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၇)ခုအား မြန်မာကျပ်ငွေဖြင့် တည်ဆောက်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများကို သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့် တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| (က) | လယ်ဝေးမြို့နယ်၊အေလာတိုက်နယ်ကျန်းမာရေးဌာန (၁၉၃၂၈/ပေ) အဆောက်အဦ(၁)ထပ်(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်) | (၁) ခု |
| (ခ) | လယ်ဝေးမြို့နယ်၊ ရှမ်းရွာကျေးလက်ကျန်းမာရေး ဌာနခွဲ (၁၀၂၄စ/ပေ) အဆောက်အဦ(၁)ထပ်(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်) | (၁) ခု |
| (ဂ) | လယ်ဝေးမြို့နယ်၊ ဝက္ကမူကျေးလက်ကျန်းမာရေးဌာန (၁၉၃၂ စ/ပေ) အဆောက်အဦ(၁)ထပ်(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်) | (၁) ခု |
| (ဃ) | တပ်ကုန်းမြို့နယ်၊ ရွှေမြို့တိုက်နယ်ကျန်းမာရေးဌာန (၁၉၃၂ စ/ပေ) အဆောက်အဦ(၁)ထပ် (ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်) | (၁) ခု |
| (င) | တပ်ကုန်းမြို့နယ်၊ မြောက်မြိုက်ကျန်းမာရေးဌာန - (၁၉၃၂ စ/ပေ) အဆောက်အဦ (၁)ထပ် - (၉၂၈ စ/ပေ) (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁)ထပ် - (၁၂၆၉ စ/ပေ) (၃)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁)ထပ် (ရေ၊ မီး၊ မိလ္လာ၊ Apron & Drain နှင့် အခြားဆက်စပ် လုပ်ငန်းများ အပါအဝင်) | (၁) ခု |
| (စ) | ဇေယျာသီရိမြို့နယ်၊မရင်းကြီးကျေးလက်ကျန်းမာရေး ဌာနခွဲ(၁၀၂၄စ/ပေ) အဆောက်အဦ (၁)ထပ် (ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်) | (၁) ခု |
| (ဆ) | ဇေယျာသီရိမြို့နယ်၊ ကျောက်ချက် ကျေးလက် ကျန်းမာရေးဌာနခွဲ (၁၀၂၄စ/ပေ) အဆောက်အဦ (၁)ထပ် (ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်) | (၁) ခု |

၂။

| | |
|---|---|
| အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့် ရက်နှင့်အချိန် | - ၃-၆-၂၀၂၆ ရက် နံနက် (၁၀:၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါပုံစံ နောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန် | - ၁၆-၆-၂၀၂၆ ရက် ညနေ (၄:၀၀)နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဖုန်းနံပါတ်- ၀၆၇-၅၅၀၁၈၄ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉) ရပ်ကွက်၊ ပိတောက်ရွှေဝါ(၂)လမ်း၊ မြေကွက်အမှတ်-(၆၄၇/က)၊ ဒေါ်ဟာလီမာဘီ အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး အား အရှုပ်အရှင်းကင်း၍ တရားဝင်လက်ရှိပိုင်ဆိုင်ထားကာ လွှဲပြောင်း ရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်တီတီ [၁၂/ဥကတ(နိုင်)၀၆၀၉၀၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်လှ[၁၁/ရဗန(နိုင်)၀၂၀၆၃၀] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါ သည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်ကြည်ကြည်လှ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၇၉၄၆/၂၀၂၂)**
**အမှတ်(၅၇၄)၊ တနင်္သာရီလမ်း၊ ၁၉-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၄၅၈၃၁၃၂၅**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၄၆၅)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးဟန်ညွန့်[၁၂/မဂဒ(နိုင်)၀၉၈၅၆၅]အမည်ပေါက် မြေချပါမစ်မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဝင်းမြင့်[၁၀/မလမ(နိုင်)၁၁၁၁၄၇] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဥ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဥ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၈)၊ မြေကွက်အမှတ်(၂၃၆)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၂၃၅)နှင့်ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးသန်းရွှေ(KTO-၀၇၅၅၄၀)အမည်ပေါက် မြေချပါမစ်(မိတ္တူ)ဘက်ခြမ်း မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သန့်သန့်အောင် [၁၄/ဇလန(နိုင်)၀၃၈၅၃၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဥ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဥ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပမည့် (၂၉)ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (29 th St. Petersburg International Economic Forum – SPIEF 2026) သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ဟိုး၊ ဦးထိန်လင်း၊ ဦးဆန်းဦး၊ ဦးကိုကိုလွင်၊ ဦးခင်မောင်စိုးနှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

သတင်းစဉ်

ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပမည့် (၂၉)ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ထွက်ခွာရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။



# အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၂

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❒



## AYA Tri –Nation Cup 2026 လက်ရွေးစင်အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များ MRTV မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AYA Tri–Nation Cup 2026 လက်ရွေးစင် အမျိုးသမီးဘောလုံးပြိုင်ပွဲအား ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဇွန် ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် ဥဇဘက်ကစ္စတန်ပွဲစဉ်ကို ဇွန် ၃ ရက် ညနေ ၅နာရီတွင်လည်းကောင်း၊ ထိုင်းအသင်းနှင့် ဥဇဘက်ကစ္စတန်ပွဲစဉ်ကို ဇွန် ၆ ရက် ညနေ ၅ နာရီတွင်လည်းကောင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် ထိုင်းအသင်းတို့ပွဲစဉ်ကို ဇွန် ၉ ရက် ညနေ ၅ နာရီတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်များအားလုံးကို MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့် အလေးထားဆောင်ရွက်



ရှမ်းပြည်နယ် မူဆယ်မြို့နယ်၌ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုမှ ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ပြည်နှင်လွှဲပြောင်းပေးအပ်မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇွန် ၂

အွန်လိုင်း လိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် မြန်မာနိုင်ငံနယ်စပ်ဒေသများရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လှုပ်ရှားစိုးမိုးလျက်ရှိသည့် ရှမ်းပြည်နယ် နန်းခမ်း၊ မူဆယ်၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ ပန်ဆန်း၊ မိုင်းလားနှင့် တာချီလိတ်အစရှိသည့် မြန်မာ–တရုတ် နယ်စပ်ဒေသများနှင့် ကရင်ပြည်နယ် ရွှေကုက္ကိုလ်၊ မယ်ထော်သလေး၊ မင်းလက်ပံနှင့် ဘုရားသုံးဆူ အစရှိသည့်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❍

## ယနေ့ ဖတ်စရာ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်လုံးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ ဖမ်းဆီးရမိ

စာမျက်နှာ » ၁၄

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၂၇ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

စာမျက်နှာ » ၁၅

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇွန် ၂

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ